Militarily, the regime is operational in urban areas. But in terms of government departments, only 30 per cent of them are operating. Government employees are not going to offices regularly and are not working full time. The military regime is not in a position to control and organize them properly. Only the security forces assigned to towns are managing the local workforce.

**What are the difficulties facing Chin revolutionary groups fighting in Chin State?**

We are not a match for them [Myanmar military] in terms of weaponry. And we have some problems with the chain of command among local resistance and guerilla groups. But everything else is OK. We have to make good use of all available weapons including rudimentary hunting rifles.

**What preparations have resistance groups made in response to possible attacks by the regime this month?**

I said we have control of 75 per cent of Chin State, I mean that we have been running our own schools, charities and clinics in almost all the rural areas in Chin except Paletwa Township. That work can be continued only when there is security for the people and the region in the long run.

This year is a real challenge for our national cause and national politics. And we have prepared our best to face whatever may come.

**Fierce clashes are taking place almost daily in Karenni (Kayah) State and also in Sagaing and Magwe regions. What is your advice to PDFs fighting the military regime?**

Taking a look at the usual practice of the regime throughout history, its military strategy is to use superior numbers in a battle. Normally, it only fights the war on one front. They may be weak if they have to fight on many fronts. We have to be aware of this, and we have to take action to make them fight on as many fronts as possible.

We must have a strategy to split their forces so that they can't send superior numbers to a single front. It is important that not only resistance groups from Chin but also PDFs from other areas, as well as ethnic armed organizations (EAO), attack them collaboratively and harmoniously. Only then will we be able to split their forces. We understand their common strategy. So we must work collaboratively and make the best use of our strength. EAOs, local resistance groups and any other anti-junta forces including striking employees need to know their strategy and must learn to respond accordingly to any junta moves.

https://www.irrawaddy.com/in-person/interview/chin-resistance-fighters-expect-more-myanmar-junta-attacks-this-month.html

-----------------------------------------------------------------------------------------------------

## Fresh Fighting Erupts After Myanmar Junta Attacks at Chinese Border

By **THE IRRAWADDY** | 3 March 2022

Fresh clashes broke out between Myanmar's military regime and the Myanmar National Democratic Alliance Army (MNDAA), also known as the Kokang Group, in Mongkoe, northern Shan State, on Tuesday and Wednesday, according to the armed group.

The two sides clashed to the west of Mt Manpin on Wednesday morning, an MNDAA information officer told The Irrawaddy.

"Around 100 soldiers from Battalion 420 under Division 99 came to attack us," he said.

Junta troops withdrew after 90 minutes of fighting. The MNDAA suffered no casualties and junta casualties are unknown, he added.

Mongkoe is crucial to border trade with China.

Around 100 junta troops also attacked a hill at Manjie near the border on Tuesday, according to the MNDAA. The group claimed the regime fired more than 80 artillery shells at its Manrang outpost in Mongkoe on Monday.

The MNDAA said in late November that more than 260 clashes had been recorded with Myanmar's junta in Mongkoe since early July.

Junta reinforcements have arrived in Mongkoe via Kutkai since February 24, said the MNDAA, accusing the regime of attempting to take advantage of the funeral of its founder to launch attacks.

Peng Jiasheng, 94, a former MNDAA chairman, died of old age in mid-February and the group had been busy organizing his funeral.

"I think they are taking advantage of the fact that we are busy with the funeral of our former chairman and attacked us off our guard," the MNDAA information officer said.

He said further clashes could erupt any time in Mongkoe amid high tensions and because junta reinforcements keep arriving.

https://www.irrawaddy.com/news/burma/fresh-fighting-erupts-after-myanmar-junta-attacks-at-chinese-border.html

-----------------------------------------------------------------------------------

## ကနီမြို့နယ် မိုးကောင်းကျေးရွာ တိုက်ပွဲ စစ်ကောင်စီတပ်ဖွဲ့ဝင် ၄ ဦး သေဆုံးဟု PDF ဆို

By မဇ္ဈိမ | 03 March 2022



စစ်ကိုင်းတိုင်း ၊ကနီမြို့နယ် မိုးကောင်းကျေးရွာ တိုက်ပွဲ၌ စစ်ကောင်စီတပ်ဖွဲ့ဝင် လေးဦး သေဆုံးကြောင်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ပြောခွင့်ရသူက မဇ္ဈိမကို ပြောသည်။

ကနီမြို့နယ်နှင့် ယင်းမာပင်မြို့နယ် အစပ်တွင် ရှိသည့် မိုးကောင်းကျေးရွာ၌ ယမန်နေ့ မတ်လ ၂ ရက် နံနက်ပိုင်းမှ စတင်ကာ မွန်းတည့် ၁၂ နာရီခန့်အထိ စစ်ကောင်စီတပ်နှင့် ဒေသကာကွယ်ရေး တပ်ဖွဲ့တို့ အကြား တိုက်ပွဲ ပြင်းထန်ခဲ့ခြင်း ဖြစ်သည်။

"မနေ့က တိုက်ပွဲမှာ စစ်ကောင်စီ တပ်ဖွဲ့ဝင်တွေ လေးဦးထက် မနည်း သေဆုံးတာ ရှိတယ်။ နောက်ပြီး သူတို့ရဲ့ တပ်ဖွဲ့ဝင်တွေ အများအပြား ဒဏ်ရာ ရသွားတာတွေလည်း ရှိပါတယ်။ မနေ့က မနက်ပိုင်းကနေ နေ့လယ်ပိုင်း လောက်အထိ အပြင်းအထန် တိုက်ပွဲ ဖြစ်ပွားခဲ့တာ ရှိပါတယ်" ဟု မြောက်ယမား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ပြောခွင့်ရသူက ပြောသည်။

ယင်းမာပင်မြို့နယ် သပြေအေးကျေးရွာကို ရဟတ်ယာဉ်ဖြင့် တိုက်ခိုက်ကာ နေအိမ်များ မီးရှို့ပြီးနောက် ထွက်ခွာသွားသော အင်အား ၈၀ ဝန်းကျင်ခန့်ပါ စစ်ကောင်စီ စစ်ကြောင်းသည် ယင်းကျေးရွာနှင့် ကပ်လျက်ရှိသည့် မိုးကောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ တပ်စွဲထားစဉ် တိုက်ပွဲ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ထိုတိုက်ပွဲတွင် ပြောက်ကျား တိုက်ခိုက်ခဲ့သော ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ဘက်က ထိခိုက် ကျဆုံးသူများ မရှိခဲ့ဟု ၎င်းက ဆိုသည်။ စစ်ကောင်စီတပ်ဖွဲ့ဝင် လေးဦး သေဆုံးမှုနှင့် ပတ်သက်ပြီး မဇ္ဈိမက သီးခြား အတည် မပြုနိုင်သေးပေ။

စစ်ကောင်စီ တပ်သည် ယနေ့ မတ်လ ၃ ရက်နေ့ နံနက်ပိုင်းတွင် ကနီမြို့နယ် မိုးကောင်းကျေးရွာမှ လင်းပုန်းရည် ကျေးရွာသို့ ဆက်လက် ထွက်ခွာသွားပြီး တပ်စွဲ ထားကြောင်း သတင်းရရှိသည်။

အဆိုပါ တပ်များသည် ယင်းမာပင်မြို့နယ် ချင်းပုန်းကျေးရွာက ဘုန်းတော်ကြီးကျောင်းတွင် ပညာ သင်ကြားနေသော မူကြိုကလေး ၈၀ ကျော်နှင့် ဆရာ၊ ဆရာမများကို နှစ်ရက်ကြာ လူသားဒိုင်းကာ အဖြစ် အသုံးပြုခဲ့ပြီး ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် သပြေအေးကျေးရွာက အရပ်သား နေအိမ် အလုံး ၅၀ ထက် မနည်းကို မီးရှို့ ဖျက်ဆီးခဲ့သည်။

ယင်းအပြင် ချင်းပုန်းကျေးရွာမှ အရပ်သား ကိုးဦးနှင့် သပြေအေး ကျေးရွာမှ အရပ်သား တစ်ဦးကိုလည်း စစ်ကောင်စီတပ်က အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့ကြောင်း ဒေသခံများ ပေးပို့သော မှတ်တမ်း ဓာတ်ပုံများတွင် တွေ့ရသည်။

"အဓိက အခက်အခဲကတော့ လက်နက်ခဲယမ်း အခက်အခဲ ဖြစ်ပါတယ်။ လက်နက်ခဲယမ်းသာ ပြည့်စုံမယ် ဆိုရင် သူတို့ရဲ့ ဗျူဟာကို မနိုင်စရာ အကြောင်း မရှိပါဘူး" ဟု မြောက်ယမား ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့က ပြောသည်။

လက်ရှိ ယင်းမာပင် မြို့နယ်နှင့် ကနီမြို့နယ် ကျေးရွာများတွင် အာဏာသိမ်း စစ်ကောင်စီတပ်နှင့် ဒေသ ကာကွယ်ရေး တပ်ဖွဲ့ဝင်များ အကြား တိုက်ပွဲများ ပြင်းထန်လာနေပြီး စစ်ကောင်စီဘက်က အရပ်သားများနှင့် အရပ်သား လူနေအိမ်များကိုပါ ပစ်မှတ်ထား တိုက်ခိုက်နေကြောင်း ဒေသခံများက ပြောသည်။

တိုက်ပွဲများကြောင့် ယင်းမာပင်နှင့် ကနီနယ် အစပ် ကျေးရွာများမှ စစ်ဘေးဒုက္ခသည် ဦးရေ ၃၀,၀၀၀ ကျော် ဘေးလွတ်ရာကို ထွက်ပြေး တိမ်းရှောင် နေကြရပြီး အရေးပေါ် စားနပ်ရိက္ခာများလည်း လိုအပ် နေကြောင်း စစ်ဘေးရှောင်အရေး ကူညီပေးနေသူများက ပြောသည်။

https://www.mizzimaburmese.com/article/100920

------------------------------------------------------------------------------------------

## ယင်းမာပင်မြို့နယ်တွင် တိုက်ပွဲ ၁၇ ကြိမ်ဖြစ်၊ စစ်ကောင်စီတပ်ဖွဲ့ဝင် ၃၀ ထက်မနည်းသေ

Published By DVB | 3 March, 2022




စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်မှာ မကြာသေးခင် သီတင်းပိုင်းတွေအတွင်း တိုက်ပွဲ ၁၇ ကြိမ်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်တပ်ဖွဲ့ဝင်အယောက် ၃၀ ထက်မနည်း သေဆုံးခဲ့တယ်လို့ မြောက်ယမား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့-ယင်းမာပင်က ထုတ်ပြန်ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ဒုတိယပတ်နဲ့ တတိယပတ်တွေအတွင်း စစ်ကောင်စီတပ်တွေနဲ့ ခရိုင်ပူးပေါင်း(PDF)တပ်ဖွဲ့တွေအကြား တိုက်ပွဲဖြစ်ပွားခဲ့ရာမှာ စစ်ကောင်စီဘက်က ထိခိုက်ဒဏ်ရာရရှိခဲ့သူ ၅၀ ကျော်ထက်မနည်း ရှိခဲ့တယ်လို့ ဆိုပါတယ်။

ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဘက်ကတော့ ၂ ယောက် ကျဆုံးခဲ့ပြီး ၅ ယောက် ဒဏ်ရာရတယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

ဒါ့အပြင် စစ်ကောင်စီတပ်တွေဟာ ယင်းမာပင်မြို့နယ်၊ ချင်းပုန်းကျေးရွာ၊ သ ပြေအေးကျေးရွာတွေက လူနေအိမ်တွေကို အကြောင်းမဲ့ မီးရှို့ခဲ့ကြတာကြောင့် အိမ်ခြေရာနဲ့ချီ ဆုံးရှုံးခဲ့ရသလို လက်ရှိအချိန်ထိ အရပ်သားပြည်သူ ၁၁ ယောက်လောက် သေဆုံးခဲ့ပြီး တချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါတယ်။

ဖေဖော်ဝါရီလအတွင်း စစ်တပ်က လေကြောင်း တိုက်ခိုက်မှု ၄ ကြိမ်တိုင်တိုင် ကျူးလွန်ခဲ့ပြီး ဒါဟာ စစ်ရာဇဝတ်မှုမြောက်တဲ့ တိုက်ခိုက်မှု ဖြစ်တယ်လို့ မြောက်ယမား ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့-ယင်းမာပင်က ပြောပါတယ်။

မြန်မာနိုင်ငံမှာ စစ်အာဏာသိမ်းယူထားခဲ့တာ ၁ နှစ် ကျော်လာခဲ့ပြီဖြစ်ကာ ဒီကာလအတွင်း စစ်ကောင်စီတပ်တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့တွေ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေကြားကတိုက်ပွဲ ပြင်းထန်နေပြီး အခြေအနေတွေ ပိုဆိုးလာနေတာ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/519967

-----------------------------------------------------------------------------------------------------

## ယင်းမာပင် ကနီ စစ်ကောင်စီ နယ်မြေရှင်းလင်းရေး ဆက်

03 မတ်၊ 2022 | အင်ကြင်းနိုင်

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နဲ့ ကနီမြို့ကြားမှာ တိုက်ပွဲတွေနဲ့ စစ်ကောင်စီတပ်ရဲ့ နယ်မြေရှင်းလင်းရေးတွေကြောင့် ကျေးရွာတချို့မီးရှို့ဖျက်ဆီးခံရသလို၊ ကျေးရွာသားတချို့ ဖမ်းဆီးခံရတာတွေလည်းရှိနေတယ်လို့ ဒေသခံတွေကပြောပါတယ်။ စစ်ကိုင်းတိုင်းအတွင်းက တိုက်ပွဲအဗခြအနေတွေကို ရန်ကုန်က သတင်းပေးပို့ထားတာကို မအင်ကြင်းနိုင် က ပြောပြမှာပါ။

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နဲ့ ကနီမြို့ကြားမှာ စစ်ကောင်စီက ရဟတ်ယာဉ်တွေသုံးပြီး နယ်မြေရှင်းလင်းလို့ စစ်ကောင်စီတပ်တွေနဲ့ ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့တွေအကြား တိုက်ပွဲတွေ ဆက်ရှိနေပါတယ်။

ဖေဖော်ဝါရီလ ၂၈ရက်နေ့က ယင်းမာပင်မြို့နယ် သပြေအေးကျေးရွာကို စစ်ကောင်စီက လေကြောင်းကနေ ပစ်ခတ် စစ်ဆင်တာကြောင့် နေအိမ်တွေမီးလောင်ဆုံးရှုံးခဲ့တယ်လို့ ဒေသခံတွေကပြောပါတယ်။

မတ်လ ၂ ရက်မှာတော့ သပြေအေးရွာနဲ့ ကပ်လျက်ရှိတဲ့ ကနီမြို့နယ်ထဲက မိုးကောင်းကျေးရွာအနီးမှာ ဒေသခံကာကွယ်ရေးတပ်ဖွဲ့တွေနဲ့ စစ်ကောင်စီတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး၊ စစ်ကောင်စီက နေအိမ်တွေကို မီးရှို့ခဲ့တယ်လို့ မြောက်ယမား ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့က တာဝန်ရှိသူ ကိုခန့်က ပြောပြပါတယ်။

“သပြေအေးကျေးရွာရဲ့ မြောက်ဖက် မိုးကောင်းကျေးရွာနားမှာ ဒေသခံခုခံကာကွယ်ရေးတပ်ဖွဲ့တွေနဲ့ ထိတွေ့တိုက်ပွဲဖြစ်တာရှိပါတယ်။ မနက်ကတုန်းကတော့ ၈ နာရီလောက်ကနေ ၁၁ နာရီလောက်ထိ အပြင်းထန် အပြန်အလှန် ပစ်ခတ်တဲ့ တိုက်ပွဲဖြစ်ခဲ့တာရှိပါတယ်။ အကြမ်းဖက် စစ်ကောင်စီက အပြစ်မဲ့ အရပ်သား ပြည်သူအချို့ဖမ်းဆီးနေတာတွေလည်းရှိပါတယ်။ မိုးကောင်းကျေးရွာကို နေအိမ်တွေ မီးရှို့ခဲ့တာရှိပါတယ်။”

နေအိမ်တွေမီးလောင်ဆုံးရှုံးတာအပြင်၊ ဒေသခံတချို့ကိုလည်း စစ်ကောင်စီတပ်က ဖမ်းဆီးသွားတယ်လို့ ဒေသခံတဦးကပြောပါတယ်။

“မနက်ခင်း ၁၁ နာရီခွဲလောက်မှာ မိုးကောင်းကျေးရွာကို သူတို့လာရောက်ပြီး မီးရှို့ကြတယ်ခင်ဗျ။ အဝေးကနေ လှမ်းမြင်ရတာ မီးတောက်အနေအထားနဲ့ လှမ်းကြည့်ရတာ အနီးအနားတော့ ဘယ်သူမှ ကပ်လို့မရဘူးခင်ဗျ။

သူတို့ကရမ်းပစ်ပြီးတော့ ဝင်တာဆိုတော့ အနီးနားတော့ ဘယ်သူမှ ကပ်လို့မရဘူး။ ကျေးရွာထဲမှာတော့ လူတွေမရှိတော့ဘူး။ သူတို့ဝင်လာကတည်းက ဝင်လာကတည်းကဆို ကျွန်တော်တို့ အရင်ရက်ကတည်းက ရှောင်တိမ်းနေကြတာခင်ဗျ။ ယင်းမာပင်မြို့နယ် သပြေအေးတော်သူကွင်းလို့ပြောရမှာခင်ဗျ။ အဲ့မှာ တောထဲမှာနေတဲ့ ဦးကံအောင်တို့ သားအဖ ၂ ယောက်ပါသွားတယ်လို့သတင်းရတယ်။ သာမာန်ပြည်သူတွေ ထန်းသမား အဲ့လိုလုပ်ငန်းတွေကိုပဲလုပ်တာ။"

ဖေဖော်ဝါရီ ၂၆ ရက်ကစလို့ ယင်းမာပင်မြို့နယ် ချင်းပုန်းကျေးရွာနဲ့ ညောင်ကိုင်းကျေးရွာကို စစ်ကောင်စီက ရဟတ်ယာဉ်တွေနဲ့ ဝင်ရောက်ပစ်ခတ် နယ်မြေရှင်းလင်းတာတွေလုပ်ပြီးတဲ့နောက် သပြေအေးကျေးရွာ မိုးကောင်းကျေးရွာတို့ကို ဆက်တိုက်ဆိုသလို နယ်မြေရှင်းလင်းရေးတွေ လုပ်နေတယ်လို့ ဒေသခံတွေက ပြောပါတယ်။ နယ်မြေရှင်းလင်းရေးတွေမှာ ဒေသခံကျေးရွာသားတချို့ ထိခိုက်သေဆုံးမှုရှိခဲ့တယ်လို့လည်း ဒေသခံတွေက ပြောပါတယ်။ ဒီ နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးတွေနဲ့ပတ်သက်လို့ စစ်ကောင်စီဖက်က တစုံတရာထုတ်ပြန်တာမျိုးမရှိသေးပါဘူး။

လက်ရှိအချိန်မှာ ယင်းမာပင်နဲ့ ကနီနယ်ကြား ကျေးရွာ ၆ ရွာလောက်က ဒေသခံ ၂ ထောင်လောက်ဟာ ဘေးလွတ်ရာ တောတွေထဲ တိမ်းရှောင်နေရပါတယ်။ ဒါက ယင်းမာပင်နဲ့ ကနီနယ်ထဲက အခြေအနေပါ။

စစ်ကိုင်းတိုင်းထဲကပဲ ကျွန်းလှမြို့ ဝေလမူ ကျေးရွာကို စစ်ကောင်စီက မတ်လ ၁ ရက်မှာ လေကြောင်းကနေ ပစ်ခတ်ပြီး နယ်မြေရှင်းလင်းတာတွေလုပ်လို့ ကျေးရွာထဲမှာ ဒေသခံတွေ ပိတ်မိနေတယ်လို့ ဝေလမူကျေးရွာသူတဦးက အခုလိုပြောပါတယ်။

"ကျွန်မတို့ပြည်သူတွေကလည်း အကုန်ထွက်ပြေးချင်ရာ ထွက်ပြေးပြီး အပြင်ရောက်နေတဲ့သူတွေကော အကုန်ဒုက္ခရောက်နေတာ။ ရွာက ၅၀/၆၀ လောက်က ကလေးတွေကော လူကြီးတွေကော ပိတ်မိပြီး ဖမ်းထားတာ ဓားစားခံအဖြစ် ဖမ်းထားပါတယ်။ ရွာကိုဝိုင်းထားတာ။ ကလေးတွေကို ဓားစာခံအဖြစ် ခေါ်ထားတာ။ ထွက်ပြေးတဲ့သူတွေကို ပြန်လာဖို့ဆိုပြီး ရွာထဲက ကလေးတွေကို ရိုက်နှက်ပြီးစစ်နေတယ်။"

စစ်ကောင်စီရဲ့ သတင်းထုတ်ပြန်ချက်မှာတော့ ကျွန်းလှမြို့နယ် ဝေလမူကျေးရွာမှာ PDF အမည်ခံ အကြမ်းဖက်သမားတွေ ရောက်ရှိနေကြောင်း သတင်းပေးပို့တဲ့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ကျေးရွာကို စစ်ဆေးဆောင်ရွက်ဖို့ သွားချိန်မှာ ထိတွေ့တိုက်ပွဲဖြစ်ခဲ့တာလို့ ပြောပါတယ်။ ဒေသခံတွေပြောကြသလို လေကြောင်းကနေတိုက်ခိုက်တယ်ဆိုတာကိုလည်း ထည့်သွင်းဖော်ပြထားတာမရှိပါဘူး။

https://burmese.voanews.com/a/yin-ma-bin-idp-refugees/6467896.html

----------------------------------------------------------------------------------------------------

## ဂန့်ဂေါမြို့က ရွာတွေမှာ ၃ ရက်အတွင်း ၁၀ ဦး အသတ်ခံရပြီး နေအိမ် ၂၀၀ ကျော် မီးရှို့ခံရ

2022.03.03



မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ် ကုန်းရွာ မီးလောင်ခဲ့တာကို ၂၀၂၂ မတ်လ ၁ ရက်နေ့က တွေ့ရစဉ် ဓာတ်ပုံ - ယောဒေသလုံးဆိုင်ရာ စစ်ဘေးရှောင်ပြည်သူများ ကူညီရေး ကော်မတီ (YRCIDP)

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်ထဲက သင်တော၊ မြင်သာ၊ ရွှေဘိုနဲ့ ကုန်းရွာတွေကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့ကနေ မတ်လ ၂ ရက်နေ့အထိ စစ်ကောင်စီတပ်သားတွေနဲ့ ပျူစောထီးအဖွဲ့ဝင်တွေ ဝင်ရောက်တိုက်ခိုက် သတ်ဖြတ်ခဲ့တာကြောင့် ၃ ရက်အတွင်း ရွာသား ၁၀ ဦး သေဆုံးပြီး လူနေအိမ် ၂၀၀ ကျော် မီးရှို့ခံခဲ့ရပါတယ်။

ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ရွှေဘိုရွာထဲကို စတင် ဝင်ရောက်တိုက်ခိုက်ချိန်မှာပဲ တက္ကသိုလ် ဝင်တန်း အောင်ပြီးသား ကျောင်းသားတစ်ဦး အပါအဝင် အသက် ၂၀ ဝန်းကျင် လူငယ် ငါးဦးကို အရှင်လတ်လတ် မီးရှို့သတ်ခဲ့သလို နှစ်ဦးကို ပစ်သတ်ခဲ့ပြီး ရွာကိုလည်း မီးရှို့ သွားတယ်လို့ ရွှေဘိုရွာသားတွေက ပြောပါတယ်။

**"ကျွန်တော်တို့ဘက်က လွင်ပြင်ကြီးဆိုတော့ ဘယ်လိုမှ မထိန်းချုပ်နိုင်တော့လို့ ဆုတ်ပြေးရတယ်"**

ရွာသားငါးဦးကို ပဲရိုးပုံပေါ်မှာ အရှင်လတ်လတ် မီးရှို့သတ်သွားတာလို့ လုံခြုံရေးအရ အမည်မဖော်လိုတဲ့ ရွှေဘိုရွာ ဒေသခံတစ်ဦးက RFA ကို ပြောပါတယ်။

**"ငါးဦးကိုတော့ ပဲရိုးပုံပေါ်မှာ အရှင်လတ်လတ် မီးရှို့သတ်သွားတယ်။ ဘုန်းကြီးကျောင်း နားမှာတော့ ပြေးရင်းလွှားရင်း ကြောက်လို့ပြေးတဲ့သူတစ်ဦး သေနတ်မှန်ပြီး သေတယ်။ တောင်ခရမ်းဘက်ကို ဆိုင်ကယ်နဲ့ပြေးတဲ့ အထဲမှာမှ သူက ဓားလွယ်ထားလို့ ပြောတယ်။ တောင်ခရမ်းရဲစခန်းထဲက ကင်းဝပ်နေတဲ့ နေရာကနေ အပစ်ခံရလို့ သေတာက တစ်ဦး။ အဲဒါလည်း ကျွန်မတို့ ရွှေဘိုသားပဲ"**

မီးရှို့အသတ်ခံရတဲ့အထဲမှာ တက္ကသိုလ်ဝင်တန်း (ဆယ်တန်း) အောင်ပြီးသား လူငယ် တစ်ဦးလည်း ပါဝင်ပြီး ကျန်တဲ့သူတွေကလည်း အသက် ၂၀ ဝန်းကျင် လူငယ်တွေလို့ ဆိုပါတယ်။

သေဆုံးသွားတဲ့ လူငယ်တစ်ဦးရဲ့ မိခင်ဖြစ်သူကလည်း သူ့သားသေဆုံးတာကို ကြည့်တောင် မကြည့်ရဲခဲ့ဘူးလို့ RFA ကို ပြောပါတယ်။

**"မပြောလည်း မပြောချင်ဘူးကွယ်။ ပြောလည်း မပြောရက်ဘူး။ ပူဆွေးရတာပဲ ရှိတယ်။ ကိုယ့်သားပါတယ် ဆိုတော့ ဘယ်ကြည့်ရဲမလဲ။ သူက ငယ်ငယ်ကတည်းက သူများကို ထိခိုက်နစ်နာအောင်၊ နာကျင်အောင် မလုပ်ခဲ့ဘူး။ အေးဆေးသမား၊ သူက ဘာမှမလုပ် ဘူး။ ကိုယ့်သားဆုံးရှုံးတော့ ပူပန်သောကရောက်တာပေါ့။ ဒီလိုပဲ ဖြေသိမ့်ရတာပေါ့။ အခု ငိုလိုက်ပျောက်လိုက်ပေါ့။ ကိုယ်တောင် ပြေးနေရတာ။ ကိုယ့်ရွာနဲ့ကိုယ်တောင် မနေရဲ ဘူး။ အခုက သူများရွာမှာ နေနေရတာ"**

မီးရှို့အသတ်ခံလိုက်ရတဲ့ အထဲမှာ သားဖြစ်သူအပြင် အသက် ၁၈ နှစ်အရွယ် တူဖြစ်သူ လည်း ပါသွားတယ်လို့ ဆိုပါတယ်။

စစ်ကောင်စီတပ်သားတွေနဲ့ ပျူစောထီးအဖွဲ့ဝင်တွေဟာ အဲဒီ ဖေဖော်ဝါရီလ ၂၈ ရက် နေ့မှာပဲ တစ်ဆက်တည်း မြင်သာရွာကို ထပ်မံဝင်ရောက်စီးနင်းပြီး ပစ်ခတ်တိုက်ခိုက်ခဲ့ တဲ့အပြင် ရွာကိုပါ မီးရှို့ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဟံသာဝတီ၊ ကျောက်ပြတ်၊ ကုက္ကား၊ လယ်ကြီးနဲ့ မြောက်ခရမ်း စတဲ့ ရွာတွေမှာရှိတဲ့ ပျူစောထီးအဖွဲ့ဝင်တွေဟာ သင်တောရွာကို မဝင်ခင် လွန်ခဲ့တဲ့ ၄ ရက်လောက်ကတည်းက စစ်ကောင်စီရဲ့ စစ်ကြောင်းနဲ့အတူ သင်တော အပါအဝင် အနီးအနားရွာတွေကို ဝင်ရောက်ဖို့ စီစဉ်နေတာလို့ ဒေသခံတွေက ဆိုပါတယ်။

အဲဒီရွာတွေဟာ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီ (USDP)ကို ထောက်ခံသူ တွေများပြီး စစ်တပ်ကို ထောက်ခံသူတွေများတဲ့ ရွာတွေဖြစ်တာကြောင့် ပျူစောထီး အားကောင်းတဲ့ ရွာတွေဖြစ်ပါတယ်။

သင်တောအပါအဝင် ပတ်ဝန်းကျင်ရွာတွေကို စစ်ကောင်စီနဲ့ ပျူစောထီး ပူးပေါင်းအင်အား ၂၀၀ လောက်နဲ့ ဝင်ရောက်စီးနင်းတာကြောင့် ဆုတ်ပေးခဲ့ရတယ်လို့ သင်တောရွာ ပြည်သူ့ ကာကွယ်ရေး အဖွဲ့ဝင်တစ်ဦးက RFA ကို ပြောပါတယ်။

**"သင်တောဘက်ကို မီးရှို့မှာကြောက်လို့ တပ်စိတ် ၂ စိတ်ပဲခံပြီး စောင့်တာလေ။ ကျွန် တော်တို့နောက်က အကူတပ်တွေလည်း ရောက်လာတယ်။ အဲဒါပြီး လေးငါးရက် လောက် ကြာသေးတယ်။ သူတို့ ပုလဲဘက်က စစ်ကြောင်းနဲ့ ပူးပေါင်းပြီးမှ ရွှေဘို ရေသာဘက်ကဝင်ပြီး နောက်ကျောကနေ ရွာကို သူတို့ ဝိုက်တက်တာ။ ကျွန်တော်တို့ ဘက်က လွင်ပြင်ကြီးဆိုတော့ ဘယ်လိုမှ မထိန်းချုပ်နိုင်တော့လို့ ဆုတ်ပြေးရတယ်။ ဆုတ်ပြေးတဲ့ အချိန်မှာ ကျွန်တော်တို့ ရွာကို မီးရှို့တာ။ အိမ်ခြေ ၁၇၀ ဝန်းကျင်တော့ ပါသွားတာပေါ့"**

သင်တောရွာမှာ အိမ်ခြေ ၂၂၀ ရှိတဲ့အနက် ၁၇၀ ဝန်းကျင် မီးလောင်ပျက်စီးခဲ့သလို ရွာရဲ့ နေကြာခင်းထဲမှာလည်း ဒေသခံ ဦးတင်ဝင်းဆိုသူ ထွက်ပြေးရင်းနဲ့ပဲ ပစ်သတ်ခံလိုက် ရတယ်လို့ ဆိုပါတယ်။

ရွာထဲမှာရှိတဲ့ ဝက်၊ နွားနဲ့ တိရစ္ဆာန်တွေကို မြောက်ခရမ်းဘက်က ပျူစောထီးတွေ ယူသွားပြီးနောက် တစ်ရွာလုံးနီးပါးကို မီးရှို့ဖျက်ဆီးသွားတာကြောင့် ဒေသခံတွေရဲ့ ဆန်၊ စပါး၊ စားသောက်ကုန်နဲ့ တန်ဖိုးကြီး ပစ္စည်းတွေပါ ဆုံးရှုံးလိုက်ရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဒီကိစ္စတွေနဲ့ပတ်သက်ပြီး တုံ့ပြန်ချက်ရဖို့ စစ်ကောင်စီပြောခွင့်ရ ပြန်ကြားရေးဒုဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းကို RFA က ဆက်သွယ်နေဆဲဖြစ်ပါတယ်။

ဒါပေမဲ့ PDF အဖွဲ့ဝင်မဟုတ်သူတွေကို ပစ်သတ်စရာအကြောင်းမရှိသလို ရွာတွေကို မီးရှို့တာလည်း စစ်ကောင်စီဘက်က ဘယ်တော့မှမလုပ်ဘူးလို့ ဗိုလ်ချုပ် ဇော်မင်းထွန်းက RFA မေးမြန်းချိန်မှာ ငြင်းဆိုထားဖူးပါတယ်။

အဲဒီအဖွဲ့ဝင်တွေဟာ မတ်လ ၁ ရက်နေ့မှာလည်း မေတ္တာမြစ်ရဲ့ အရှေ့ဘက်ကမ်း ကုန်း ရွာကို ထပ်မံဝင်ရောက်ခဲ့ပြီး လူနေအိမ် ၃၆ လုံးအပြင် စပါးကျီ၊ နွားစာတိုက်၊ မီးဖိုဆောင် စတဲ့ အဆောက်အအုံ အသေး ၁၃၄ ခုကို မီးရှို့သွားတယ်လို့ ကုန်းရွာသားတွေက ပြောပါ တယ်။

လက်ရှိအချိန်အထိ တစ်ရွာလုံးနီးပါး ထွက်ပြေးနေရပြီး ဆေးဝါးနဲ့ စားသောက်စရာတွေ အရေးတကြီး လိုနေတယ်လို့ လုံခြုံရေးအရ အမည်မဖော်လိုတဲ့ ကုန်းရွာဒေသခံက RFA ကို ပြောပါတယ်။

**“လက်ရှိအခက်အခဲကတော့ ကျွန်တော်တို့ ဆေးဝါးတွေလည်း လိုမယ်ဗျ။ အခု လောလောဆယ် အိမ်မီးလောင်တော့ စိုးရိမ်သောက များတာတွေရော၊ ပူပန်သောက များတာတွေရော ပြီးတော့ ကျွန်တော်တို့ဘက်မှာ အဖျားတွေ တအားထနေတယ်။ အဖျားတွေကြောင့် လူးလိမ့်ပြီး ခံနေရတယ်ဗျ။ ရေကလည်း မသန့်ဘူး။ ချောင်းထဲ၊ မြောင်းထဲက ရေတွေကို သောက်ကြရတာဆိုတော့ အဆင်မပြေဘူးဖြစ်နေတယ်။ အဝတ်အစားတွေ လိုတယ်။ မီးလောင်တဲ့ အဝတ်အစားတွေက ဘာမှကို ပြန်မရ တော့ဘူးဗျ”**



*(မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ် ကုန်းရွာ မီးလောင်ခဲ့တာကို ၂၀၂၂ မတ်လ ၁ ရက်နေ့က တွေ့ရစဉ်) Photo: (YRCIDP)*

ကုန်းရွာကို စစ်ကောင်စီတပ်သားတွေနဲ့ ပျူစောထီးတွေ ဝင်ရောက်ဖျက်ဆီးချိန်မှာ အသက် ၂၅ နှစ်အရွယ် ကုန်းရွာသား ကိုဇော်နိုင်အေးကိုပါ ပစ်သတ်သွားတယ်လို့လည်း ဆိုပါတယ်။

ကုန်းရွာဟာ အိမ်ခြေ ၄၅၀ ဝန်းကျင်နဲ့ လူဦးရေ နှစ်ထောင်ကျော်ရှိပြီး မြောက်ခရမ်းရဲစခန်း နဲ့ တစ်မိုင်ဝန်းကျင်သာ ဝေးတာကြောင့် စစ်ကောင်စီတပ်ဘက်က လက်နက်ကြီးနဲ့ပါ လှမ်းပစ်နေလို့ ရွာလုံးကျွတ် ဘေးလွတ်ရာကို ထွက်ပြေးနေကြရပါတယ်။

မတ်လ ၃ ရက် ဒီနေ့ မနက်ပိုင်းမှာတော့ ရွာတွေထဲမှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ် သားတွေနဲ့ ပျူစောထီး အဖွဲ့ဝင်တွေ ပြန်လည်ထွက်ခွာသွားကြပေမယ့် ဒေသခံတွေကတော့ နီးစပ်ရာရွာတွေနဲ့ ဘေးလွတ်ရာ တောတွေထဲကို ထွက်ပြေးပုန်းရှောင်နေရဆဲဖြစ်တယ်လို့ ဒေသခံတွေက ပြောကြပါတယ်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကနေ ၂၀၂၂ ခုနှစ် မတ်လ ၁ ရက်နေ့အထိ တစ်နှစ် ကျော် ကာလအတွင်း စစ်ကောင်စီတပ်နဲ့ လက်အောက်ခံ အဖွဲ့အစည်းတွေက မီးရှို့လို့ ပျက်စီးသွားတဲ့ လူနေအိမ်ပေါင်း ခန့်မှန်းခြေ ၆၁၅၈ လုံးရှိတယ်လို့ လွတ်လပ်တဲ့ သုတေ သနအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Data For Myanmar က မတ်လ ၂ မှာ ထုတ်ပြန်ထား ပါတယ်။

https://www.rfa.org/burmese/news/more-than-200-houses-were-set-on-fire-in-gantgaw-03032022051302.html

-----------------------------------------------------------------------------------------

## မန္တလေးတွင် လက်ပြန်ကြိုးတုပ် အသတ်ခံထားရသည့် လူငယ်အလောင်း တွေ့ရှိ

Published By DVB | 3 March, 2022



မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ ၃၅ လမ်း၊ ရေတံခွန်တောင်သွားတဲ့ လမ်းဘေးအမှိုက်ပုံနားမှာ လာရောက်စွန့်ပစ်သွားတဲ့ လူငယ်တစ်ဦးရဲ့ ရုပ်အလောင်းကို မတ် ၃ ရက် မနက် အစောပိုင်းက တွေ့ရှိခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

Voice Of Mandalay အဖွဲ့ဝင်တဦးက “အလောင်းကို မနက်မှ တွေ့တာ၊ လူအိပ်ချိန် လာပစ်သွားတာထင်တယ်။ သေဆုံးသွားတဲ့ လူငယ်ဟာ ပြင်းပြင်းထန်ထန် နှိပ်စက်ခံထားရပြီး မျက်လုံးတောင် မပါတော့ဘူး” လို့ ပြောပါတယ်။

အသတ်ခံရတဲ့လူငယ်ဟာ အင်္ကျီအနွေးထည်အနက်ခဲစပ်နဲ့ ပုဆိုးအနက်ဝတ်ဆင်ထားကာ  လက်ပြန်ကြိုးစည်းခံထားရပြီး ညာဘက်မျက်လုံးပေါက်ထွက်ဒဏ်ရာနဲ့ သေဆုံးနေတာလို့ ဒေသခံတဦးက ပြောပါတယ်။

အလောင်းကို ရဲတပ်ဖွဲ့ နဲ့ အရပ်ဝတ်တချို့ လာရောက်စစ်ဆေးပြီး မန္တလေးဆေးရုံကြီးကို တင်ပို့ထားတယ်လို့ ရဲတပ်ဖွဲ့နဲ့ နီးစပ်သူတွေဆီက သိရပါတယ်။

မန္တလေးမြို့အတွင်း ည ၁၀ နာရီကနေ မနက် ၄ နာရီအထိ ညမထွက်ရ အမိန့်ထုတ်ပြန်ထားပြီး သတ်မှတ်ချိန်အတွင်း အပြင်မှာ တွေ့ရသူတွေကို စစ်ဆေးမှု တစ်စုံတစ်ရာမရှိဘဲ ပစ်မိန့်ပေး ထားတာ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/519952

----------------------------------------------------------------------------------------------------

## စစ်ယာဉ်တန်းကို KIA ၊PDF ပူးပေါင်းတပ်ဖွဲ့များက ကြားဖြတ်တိုက်ခိုက်

Published By DVB | 3 March, 2022




ကချင်ပြည်နယ်ဘက် စစ်အင်အား၊ လက်နက်အင်အားတိုးချဲ့ဖို့ လာရောက်တဲ့ စစ်ကောင်စီတပ်ရဲ့ ယာဉ်တန်းကို KIA နဲ့ PDF ပူးပေါင်းတပ်က မော်လူး၊ မော်ဟန်အနီး မတ်လ ၃ ရက် ဒီ မနက် ၉ နာရီလောက်မှာ  စောင့်ကြို ကြားဖြတ်တိုက်ခိုက်ခဲ့ပါတယ်။

စစ်ယာဉ်တန်းက စစ်ကားအစီး ၃၀ ကျော်နဲ့ အောက်မြန်မာပြည်ကနေ ကချင်ပြည်နယ်ဘက် စစ်အင်အားတိုးချဲ့ဖို့ ရောက်ရှိလာတာကြောင့် မော်လူး၊ မော်ဟန် အောက်ထီးချိုင့်မြို့အတွင်း ရောက်ရှိတုန်း KIA ၊ PDF ပူးပေါင်းတပ်က မိုင်းဆွဲပြီး ကြားဖြတ်တိုက်ခိုက်ခဲ့တာလို့ ကေအိုင်အေ ရှေ့တန်းသတင်းရင်းမြစ်က ပြောပါတယ်။

စစ်ကောင်စီယာဉ်တန်း တိုက်ခိုက်မှုမှာ စစ်ကောင်စီတပ်မှ ထိခိုက် သေဆုံးမှုတွေရှိနိုင်ပေမဲ့ စာရင်းအတိအကျကိုတော့  စုံစမ်းဆဲဖြစ်တယ်လို့ ပြောပါတယ်။

အဆိုပါလမ်းကြောင်း တစ်လျှောက် စစ်ကောင်စီတပ်ရဲ့ စစ်လက်နက် ရိက္ခာတွေကို သယ်ယူလေ့ရှိတာကြောင့် မကြာခဏထိတွေ့တိုက်ပွဲဖြစ်ပွားလေ့ရှိပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလကုန်ပိုင်းကလည်း စစ်ကာ ၅၇ စီးပါ စစ်ယာဉ်တန်းကို စစ်ကိုင်းတိုင်းနဲ့ ကချင်ပြည်နယ် ဆက်စပ်နေရာတွေမှာ ကေအိုင်အေပူးပေါင်းတပ်တွေက ကြားဖြတ်တိုက်ခိုက်ခဲ့ပါတယ်။

https://burmese.dvb.no/archives/520026

-----------------------------------------------------------------------------------------------

## ပူတာအို စစ်ရှောင်များ ဆေးဝါးလိုအပ်

သတင်းနှင့် မီဒီယာ ကွန်ရက်။ ၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက်။




ပူတာအိုမြို့နယ်အတွင်း တောတောင်များအကြား ထွက်ပြေးနေရသည့် စစ်ရှောင်များအတွက် ဆေးဝါးများ အရေးပေါ် လိုအပ်နေသည်ဟု ဒေသခံများက ပြောသည်။

ကချင်ပြည်နယ်၊ မြောက်ဖျားပိုင်း စစ်ကောင်စီတပ်နှင့် ကချင် ပူးပေါင်းတပ်ဖွဲ့တွေ အကြား ဖြစ်ပွားနေသည့် တိုက်ပွဲများ၊ စစ်ရေးတင်း မာမှုများကြောင့် တောတောင်ထဲသို့ စစ်ရှောင်နေရသည်မှာ တစ်လကျော်လာပြီဖြစ်သည့်အတွက် ယခုလက်ရှိတွင် ကလေးငယ် များနှင့် သက်ကြီးရွယ်အိုများ နေထိုင်မကောင်းဖြစ်နေကြသည်ဟု စစ်ရှောင်အမျိုးသား တစ်ယောက်က ပြောသည်။

"ကလေးတွေက နှာစေးချောင်ဆိုး အဲ့လိုမျိုးဖျားတာလည်းအများကြီး။ နောက်ပြီး ချမ်းတုန်ပြီးဖျားတာလည်းရှိတယ်။ ကိုယ်တွေကိုက်ခဲပြီးတော့ နာတဲ့လူတွေလည်းရှိတယ်။ ဖျားနာတဲ့လူလည်းရှိတယ်ဆိုတော့ ဆေးလည်းလိုတယ်။ နောက်ပြီး တချို့က ဆင်းရဲတယ်ဆိုတော့ စားစရာသောက်စရာလည်း မရှိတဲ့လူလည်း ရှိတယ်။"

ပူတာအိုမြို့နယ် လုံရှာယန်၊ ဆွမ်ပီယန်၊ ဖတ်မာ၊ တန်ဂျာနှင့် အင်စီယန်ရွာနားတဝိုက်နှင့် ရှင်ကပ်(ဘွမ်)တောင် နေရာများတွင် နှစ်ဖက်ကြား စစ်ရေးတင်းမာနေစဲဖြစ်ပြီး တိုက်ပွဲများကလည်း ဆက်ဖြစ်သည်ဟု ဒေသခံရွာသား များက ပြောသည်။

မတ်လ ၁ ရက်နေ့အထိ တိုက်ပွဲများ ဆက်ဖြစ်နေပြီး ရွာသားများကလည်း စိုးရိမ်ကာ တောထဲတောင် ထဲမှာပဲ ဆက်ပြီးနေနေကြရပြီး အချို့မှာ ရိက္ခာပြတ်ပြီး ထမင်းမစားရသည့်သူများပင် ရှိနေသည်ဟု လုံရှာယန်ကျေးရွာ က စစ်ရှောင် အမျိုးသမီးတစ်ယောက်က ပြောသည်။

"စိုးရိမ်ကြတယ်လေ။ စိုးရိမ်ကြတော့ ဟိုက လေယာဉ်နဲ့ ဗုံးကျလာမလာ။ စိုးရိမ်ကြောက်ကြလို့ပါ။ ဒီမှာကြ တော့နော် မိုင်းသံတွေ၊ နေ့တိုင်းဟိုမှာ တိုက်ပွဲဖြစ်တယ်တဲ့ ဒီမှာ တိုက်ပွဲဖြစ်တယ်တဲ့ဆိုတော့ တောမှာပဲ နေရတာ လေ။ ထမင်းလည်းတော်တာပေါ့နော်။ ဖျားနာတဲ့လူလည်းရှိတယ်။"

လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အတွက် ကူညီမည့်သူများမရောက်နိုင်ပဲ အခက်အခဲများအား အချင်းချင်း ကူညီဖြေရှင်းကြရသည်ဟု ဆိုသည်။

တိုက်ပွဲသံ၊ ပစ်ခတ်သံများ တိတ်သည့်အချိန်တွင် အချို့က ကျေးရွာထဲပြန်၍ ဆန်ကို ပြန်သွားသယ်ပြီး အချင်းချင်း မျှဝေစားသောက်နေရသည်ဟု လုံရှာယန်ကျေးရွာက စစ်ရှောင်အမျိုးသမီးက ပြောသည်။

ပူတာအိုခရိုင်ထဲတွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများတွင် စစ်ကောင်စီတပ်က လေယာဉ်ဖြင့် ကျေးရွာများထဲကို ဗုံးကြဲခဲ့သည့်အတွက် ရွာသားများသည် ယခုအချိန်ထိ ရွာထဲကို မပြန်ရဲကြသေးကြခြင်း ဖြစ်သည်ဟု စစ်ရှောင် အမျိုးသားက ဆက်ပြောသည်။

"ကျနော်တို့က မခန့်မှန်းနိုင်ဘူး။ သူတို့က ပစ်ချင်တဲ့နေရာကို ပစ်တာ။ ရွာထဲကို ပြန်မယ်ဆိုရင်တော့ အဲ့ဒီလက်နက်ကြီးတွေ ပစ်မှာကိုစိုးရိမ်တယ်။ နောက်ပြီး လေယာဉ်ကနေ ပစ်မှာကို ဗုံးကြဲမှာကို စိုးရိမ်လို့ပေါ့။"

တိုက်ပွဲများ ဖြစ်ပွားချိန်တွင် ကျေးရွာထဲတွင်ဖြစ်ပွားခြင်း မရှိသော်လည်း စစ်ကောင်စီက လက်နက်ကြီးများဖြင့် ပြည်သူများနေထိုင်သည့် ကျေးရွာဘက်သို့ ရမ်းသမ်းပစ်ခတ်မှုများ မကြာခဏလုပ်လေ့ရှိပြီး ဖေဖော်ဝါရီလအတွင်း လေယာဉ်ကနေ နှစ်ကြိမ်ထက်မနည်း ဗုံးကြဲခဲ့သည်ဟု စစ်ရှောင်များက ပြောသည်။

ယခုတိုက်ပွဲများဖြစ်ပွားနေသည့် နေရာများက လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ရိက္ခာနှင့် ဆေးဝါးများ ရောက်ရှိ လာရန်လည်း ခက်ခဲနေသည်ဟု ဆိုကြသည်။ ထို့အပြင် တိုက်ပွဲများကြောင့် လမ်းပိုင်းအချို့ ပိတ်ထားခဲ့သည့် အတွက် စားနပ်ရိက္ခာ၊ ဆေးဝါး၊ စားသုံးဆီ၊ ဓါတ်ဆီများလည်း ပြတ်နေပြီဟု ပူတာအိုဒေသခံများက ပြောသည်။

ပူတာအိုခရိုင်ထဲက ကျေးရွာပေါင်း ၅ ရွာရှိ စစ်ရှောင် ၃၀၀၀ ကျော်ခန့် စစ်ဘေးရှောင်နေရပြီး တောတောင်များထဲတွင် အများစု ပုန်းအောင်းစစ်ရှောင်နေကြရသည်။

ထို့အပြင် စစ်ဘေးလွတ်ရာ ပူတာအိုမြို့ပေါ်က ဆွေမျိုးနီးစပ်များနှင့် မြစ်ကြီးနားမြို့က ဆွေမျိုးနီးစပ်များ ရှိသည့်နေရာအထိ အချို့ စစ်ဘေးရှောင်နေကြရသည်ဟု သိရသည်။

ပူတာအိုမြို့နယ်အတွင်း စစ်ကောင်စီတပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် KIA၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF တို့အကြား ဖေဖော်ဝါရီလဆန်းပိုင်းမှ ယခု မတ်လဆန်းပိုင်းအထိ တိုက်ပွဲများ ဖြစ်ပွားနေခြင်း ဖြစ်သည်။

https://www.nmg-news.net/2022/03/03/18029

---

## ဒီးမော့ဆိုမှာ တိုက်ပွဲပြင်းထန်ဆဲ

03 မတ်၊ 2022 | ဆုမွန်

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ထဲမှာ စစ်ကောင်စီတပ်နဲ့ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တွေ ဒီနေ့လည်း တိုက်ပွဲဖြစ်ခဲ့ပါ တယ်။ ဒီးမော့ဆိုမြို့နယ် အနောက် ဘက်ခြမ်းက ဆီးလီဒုံးကျေးရွာမှာ ဒီနေ့မနက်က တိုက်ပွဲပြင်းထန်ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။ စစ်ကောင်စီတပ်တွေ စစ်ကြောင်းသွားတဲ့ လမ်းကြောင်းတလျှောက် ရွာတွေဘက်မှာ နေ့စဉ်လိုလို တိုက်ပွဲတွေ ဖြစ်နေတယ်လို့ ဒေသခံတွေက ပြောပါတယ်။ ဒီအကြောင်း ရန်ကုန်ကလာတဲ့သတင်းကို မဆုမွန်က တင်ပြပေးထားပါတယ်။

တိုက်ပွဲတွေ နေ့စဉ်ရက်ဆက်ဖြစ်နေတဲ့ ဒီးမော့ဆိုမြို့နယ်ထဲမှာ ဒီနေ့လည်း စစ်ကောင်စီတပ်တွေနဲ့ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တွေကြား တိုက်ပွဲဖြစ်ခဲ့ပါတယ်။ မနေ့က တိုက်ပွဲဖြစ်ခဲ့တဲ့ ဒေါပေါကလဲကျေးရွာနဲ့ မဝေးတဲ့ ဆီးလီဒုံးကျေးရွာတဝိုက်မှာ ဒီနေ့ မနက်အစောပိုင်းက တိုက်ပွဲပြင်းထန်ခဲ့တယ်လို့ ဒေသခံတဦးက ပြောပါတယ်။

"မနေ့ကတော့ ဒီဒေါပေါကလဲပေါ့နော်။ ဒီမနက်ကတော့ ဒီဒေါပေါကလဲရဲ့ တောင်ဘက်မှာ ဆီးလီဒုံးဆိုတဲ့ ရွာမှာ ထပ်ပြီး တော့ ရောက်လာတယ်ပေါ့နော်။ သူတို့ စစ်ကြောင်းတိုးလာတာမျိုး ရှိတယ်ဗျ။ ဒီမနက်အစောကြီးပေါ့နော်-အာရုံဦးအချိန်ကနေ စပြီးတော့ မနက် ၁၁ နာရီကျော်ကျော်လောက်ထိကို သူတို့ တိုက်ပွဲပြင်းထန် တယ်ဗျ။ နေ့စဉ်နေ့တိုင်း တိုးလို့ရသလောက် စစ်ကြောင်းက သူတို့က ထပ်ပြီးရှေ့တက်တာပေါ့နော်။ ရှေ့တိုးတဲ့အခါကျတော့ ထိတွေ့တိုက်ပွဲက အဲ့လိုမျိုး ခဏခဏ ဖြစ်ပေါ်နေတယ်ဗျ။ အဲ့ဒီမနေ့ည ညနေနဲ့ဒီမနက် တိုက် ပွဲက အရမ်းကို ပြင်းထန်တယ်ပေါ့နော်။ တခြားရက်တွေထက်စာရင် သူတို့က လက်နက်ကြီးတွေ ပိုပြီးတော့ သုံးတာမျိုးရှိတယ်။ စကစဘက်က လက်နက်ကြီးအရမ်းသုံးတယ်ဗျ။"

ဆီးလီဒုံးကျေးရွာဟာ ဒီးမော့ဆိုမြို့နယ်ရဲ့ အနောက်ဘက်မှာ တည်ရှိပါတယ်။ စစ်တပ်အခြေစိုက်ထားတဲ့ တပ်စခန်းကနေလည်း တိုက်ပွဲဖြစ်တဲ့ဘက် လက်နက်ကြီးတွေနဲ့ တောက်လျှောက်ပစ်ခတ်တယ်လို့ ဒေသခံတွေက ပြောပါတယ်။ လူနေအိမ်တွေ၊ စစ်ပြေး ဒုက္ခသည်တွေ ယာယီပုန်းခိုနေတဲ့ နေရာတွေဘက်လည်း လက်နက် ကြီးကျည်တွေ ကျခဲ့ပါတယ်။ စစ်တပ်ဘက်က စစ်ကြောင်း ၃ ကြောင်းနဲ့ ဒီးမော့ဆိုမြို့နယ်ဘက်မှာ ထိုးစစ်ဆင် တိုက်ခိုက်နေတယ်လို့ ဒီးမော့ဆို ပြည်သူ့ကာကွယ်ရေးတပ် တာဝန်ရှိသူတဦးက ပြောပါတယ်။

"ဒီမနက် ၃ နာရီခွဲကျော်တည်းက စတာပေါ့နော်။ ကွက်ကျားကွက်ကျားစပြီးတော့ နောက်ပိုင်းတော့ တော်တော် ပြင်းထန် လာတယ်ပေါ့နော်။ နောက်ပြီးတော့ ဒေါင်ခါအနားမှာလည်း ဒီလက်နက်ကြီးနဲ့ ထုတာတော့ရှိတယ်၊ ဒီမနက်ပိုင်းပေါ့နော်။ စစ်ကောင်စီက မိုးဗြဲဘက်ကနေ ချီတက်လာတယ်ပေါ့နော်။ ဒီ ၁၀ ရက်ကျော်လောက်ရှိပါပြီ။ အရင်တော့ မိုးဗြဲနားမှာ အပြင်းအထန်ဖြစ်နေတယ်။ နန်မယ်ခုံနဲ့ ဝါရီဆူးဖလိုင်နားမှာ ပြင်းထန်တယ်။ သူတို့ဖြည်းဖြည်းချင်းရွေ့လာတော့ ရွေ့လာတယ်လို့ မသိဘူး။ ကြည့်ရတာတော့ ဒီးမော့ဆိုကို သူတို့ပြန်ပြီးတော့ ထိန်းသိမ်းနိုင်ဖို့ ကြိုးစားမယ့်သဘောမှာ ရှိတယ်။ ကျနော့်အမြင်ကိုပြောတာပေါ့နော်။ သူတို့ စစ်ကြောင်း သုံးကြောင်းနဲ့ ဒီထဲ ဝင်လာတယ်ပေါ့နော်။ စစ်ကြောင်းထိုးလာလို့ အဲ့ဘက်က တိုက်ပွဲဖြစ်သွားတယ်။"

စစ်ကြောင်းတွေ သွားလာလှုပ်ရှားတဲ့ လမ်းကြောင်းတလျှောက်မှာ တိုက်ပွဲတွေဖြစ်နေတာပါ။ လတ်တလော ဒီးမော့ဆိုဒေသ တိုက်ပွဲနဲ့ပတ်သက်လို့ စစ်ကောင်စီဘက်ကတော့ တစုံတရာထုတ်ပြန်တာမျိုး မရှိသေးပါဘူး။ ပြည်သူ့ကာကွယ်ရေးအဖွဲ့တွေ အင်အားကောင်းလာပုံရတဲ့ ဒီးမော့ဆိုမြို့နယ်ကို ထိန်းချုပ်နိုင်ဖို့ စစ်ထပ်ဘက်က အပြင်းအထန် ထိုးစစ်ဆင်နေပုံရပါတယ်။

ရှမ်း-ကယားနယ်စပ် မိုးဗြဲမြို့နယ်အတွင်း ဒေသခံပြည်သူ့ကာကွယ်ရေးတပ်တွေနဲ့ စစ်ကောင်စီအကြား တိုက်ပွဲ စတင်ပြင်းထန်ခဲ့တဲ့ ဖေဖော်ဝါရီလ ၁၆ ရက်နေ့လောက်ကတည်းက ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်းတွေမှာလည်း တိုက်ပွဲတွေ ဆက်တိုက် ဖြစ်နေတာပါ။ ဒီနေ့ မတ်လ ၃ ရက်နေ့အထိ ဖြစ်နေတဲ့ တိုက်ပွဲတွေအတွင်း စစ်တပ်ဘက်က လေကြောင်းနဲ့ တိုက်ခိုက်တာတွေလည်း ရှိခဲ့ပါတယ်။ ဒီအခြေအနေတွေကြောင့် သောင်းနဲ့ချီတဲ့ဒေသခံတွေ အိုးပစ်အိမ်စွန့်ပြီး ဘေးလွတ်ရာကို ထွက်ပြေး တိမ်းရှောင်နေရလို့ အခက်အခဲအမျိုးမျိုးနဲ့ ကြုံတွေ့နေကြရပါတယ်။

https://burmese.voanews.com/a/whatishappeninginmyanmar-myanmarmilitarycoup-demohso-voaburmese-စစ္တာဏာသိမ္းမႈ-ဒီးေမာ္ဆို-ဗြီအိုေအျမန္မာပိုင္း/6468181.html

---------------------------------------------------------------------------------------------

## တိုက်ပွဲကြောင့် ၂ လအတွင်း ကရင်နီပူးပေါင်းတပ်နှင့် ပြည်သူ ၁၂၀ ကျော် သေဆုံး

Published By DVB | 3 March, 2022

ကရင်နီ (ကယား)ပြည်နယ်မှာ ၂၀၂၂ ခုနှစ် ၂ လအတွင်း တိုက်ပွဲနဲ့ တိုက်ပွဲနဲ့ဆက်နွှယ်ပြီး လူပေါင်း ၁၂၁ ဦး  သေဆုံးသွားတယ်လို့ တိုးတက်သောကရင်နီပြည်သူ့အင်အားစုက ထုတ်ပြန်ပါတယ်။

သေဆုံးသူတွေထဲမှာ အရပ်သား ပြည်သူသေဆုံးမှု  ၇၀၊ စစ်ဘေးရှောင်စဉ် သေဆုံးသူ ၅ ဦးနဲ့ KNDF/ PDF နဲ့ လက်နက်ကိုင်တပ်ဖွဲ့ဝင် သေဆုံးမှု ၄၆ ဦးရှိကြောင်း ဖော်ပြထားပါတယ်။

ဒါ့အပြင်စစ်ကောင်စီတပ်နဲ့ ကရင်နီပူးပေါင်းတပ်တွေအကြား ၂၀၂၀ ခု ဇန်နဝါရီကနေ ဖေဖော်ဝါရီလကုန်အထိ တိုက်ပွဲပေါင်း ၅၅ ကြိမ်ဖြစ်ပွားခဲ့ပြီး အဲဒီမှာ လွိုင်ကော်မြို့နယ်မှာ ၂၅ ကြိမ်နဲ့ အများဆုံး ဖြစ်ပွားခဲ့ကြောင်း ဖော်ပြပါတယ်။

လေကြောင်းနဲ့ တိုက်ခိုက်ခံရမှု ၆၇ ကြိမ်ဖြစ်ပွားခဲ့ပြီး လူနေအိမ် ၁၇၇ လုံး၊ ဘာသာရေးအဆောက်အအုံ ၃ လုံး ပျက်စီးသွားခဲ့ပါတယ်။

ဒီနှစ်လ တိုက်ပွဲအတွင်း စစ်ကောင်စီဘက်က ၂၈၄ ဦးသေဆုံးကာ စစ်ကောင်စီယာဉ် ၇ စီး ပျက်စီးသွားခဲ့ကြောင်းနဲ့ မတရားဖမ်းဆီးခံရသူ ၁၂ ဦးရှိကြောင်း ထုတ်ပြန်ထားပါတယ်။

စစ်အာဏာသိမ်းတဲ့ ၂၀၂၁ခု ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခု ဖေဖော်ဝါရီ ၂၈ ရက်အထိ ကရင်နီ ကယားပြည်နယ်မှာ စစ်ကောင်စီနဲ့ ကရင်နီပူးပေါင်းတပ်တို့အကြား တိုက်ပွဲ ၁၈၇ ကြိမ်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်က ၇၉၀ ဦး သေဆုံးကာ ကရင်နီပူးပေါင်းတပ်ဘက်က ၈၇ ဦး ကျဆုံးခဲ့ကြောင်း ဖော်ပြပါတယ်။

တနှစ်ကျော်ကြာအတွင်း အရပ်သားပြည်သူ ၂၂၁ ဦး သေဆုံးခဲ့ရပြီး လူနေအိမ် ၆၄၉ လုံး ပျက်စီးသွားကာ၊ ဘာသာရေးအဆောက်ဦ ၁၀ လုံးပျက်စီးခဲ့ရသလို မတရားဖမ်းခံရသူ ၂၂၀ ရှိကြောင်း ဖော်ပြပါတယ်။

https://burmese.dvb.no/archives/519882

--------------------------------------------------------------------------------------------------

## ကယားမှာ နေရပ်စွန့် ခွာမှုတွေ ဆက်ရှိနေဦးမယ်လို့ UNHCR ပြော

2022.03.03




ဖယ်ခုံမြို့နယ်ရှိ ဂွါရီဆူပလိုင်ကျေးရွာ မီးရှို့ဖျက်ဆီးခံရလို့ ရွာသူ ရွာသားများ ထွက်ပြေးတိမ်းရှောင် လာကြတာကို ၂၀၂၂ ဖေဖော်ဝါရီ ၁၈ ရက်နေ့က တွေ့ရစဉ် Photo: Kayan Rescue Committee -KRC

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှာ တိုက်ပွဲတွေ ပြင်းထန်နေဆဲ ဖြစ်တာကြောင့် ကယားပြည်နယ်မှာ နေရပ်စွန့်ခွာ ထွက်ပြေးမှုတွေ ဆက်ရှိနေဦးမယ်လို့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က မတ်လ ၂ ရက် မနေ့က ထုတ်ပြန်ပါတယ်။

ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ် အစပ်မှာဖြစ်ပွားနေတဲ့ တိုက်ပွဲတွေကြောင့် ဒီးမော့ဆိုနဲ့ ဖယ်ခုံမြို့နယ်တွေမှာ ဖေဖော်ဝါရီ ၁၆ ရက်နေ့ကစပြီး လူပေါင်း ၃၃၇၀ ဦး အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကနေ အခုအချိန် အထိဆိုရင် ကယားပြည်နယ်မှာ အိုးအိမ်စွန့်ခွာ ထွက်ပြေးရသူပေါင်း ၉၂,၄၀၀ ဦးရှိနေ တယ်လို့ ထုတ်ပြန်ချက်မှာ ပါရှိပါတယ်။

ဖယ်ခုံနဲ့ မိုးဗြဲမြို့နယ်တွေအနီးမှာ ဖေဖော်ဝါရီလ နှောင်းပိုင်းက စတင်ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲ တွေကြောင့် အနီးအနားဝန်းကျင်မှာ စစ်ဘေးဒုက္ခသည်အရေအတွက် သိသိသာသာ မြင့် တက်လာနေတယ်လို့ ကရင်နီ စစ်ဘေးရှောင် ကူညီ စောင့်ရှောက်ရေး ကွန်ရက် တာဝန်ခံ က RFA ကို ပြောပါတယ်။

**“အခုက ကတော့ စားနပ်ရိက္ခာပြတ်လပ်မှုတွေ ရှိလာပြီ။ စစ်ကောင်စီဘက်ကလည်း ဖြတ်လေးဖြတ် သဘောမျိုး လုပ်ထားတာတွေ ရှိတယ်။ ပိုက်ဆံရှိရင်တောင်မှ ဝယ်စားလို့မရတဲ့ အနေအထားဖြစ်တယ်။ ဆန်တောင်မရှိလို့ ပြောင်းကောက်ကို ချက်စားနေရတဲ့ အနေအထားရှိတယ်”**

ပြီးခဲ့တဲ့နှစ် မေလကတည်းက တိုက်ပွဲတွေ စတင်ခဲ့တဲ့ ဒီးမော့ဆို တစ်မြို့နယ်တည်း မှာ ဒုက္ခသည်ဦးရေ တစ်သိန်း နှစ်သောင်းကျော်ရှိပြီး ဖယ်ခုံမှာတော့ ပြီးခဲ့တဲ့ ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလတွေက တိုက်ပွဲတွေကြောင့် ဒုက္ခသည် နှစ်ထောင်ကျော် ရှိနေတယ်လို့ အဲဒီကွန်ရက်ရဲ့ စာရင်းတွေမှာ ဖော်ပြထားပါတယ်။

UNHCR ရဲ့ ထုတ်ပြန်ချက်အရ ကရင်ပြည်နယ်၊ လေးကေ့ကော်မှာလည်း ဖေဖော်ဝါရီ ၁၈ နဲ့ ၁၉ ရက်တွေမှာ အချိန်အခါ မဟုတ် မိုးသည်းထန်မှုကြောင့် ဒုက္ခသည် ငါးထောင်ခန့်နေထိုင် တဲ့ ယာယီစခန်းတွေမှာ ရေကြီး ရေလျှံမှုတွေ ဖြစ်ပွားခဲ့ပါတယ်။

လူသားချင်းစာနာမှုလုပ်ငန်း ဆောင်ရွက်သူတွေဟာ လိုအပ်ချက်မြင့်တက်လာတဲ့ အစား အစာ၊ ဆေးဝါးနဲ့ အမိုးအကာတွေ ရရှိရေးအတွက် မိတ်ဖက်အဖွဲ့တွေနဲ့ ပူးပေါင်းကူညီ ပေးနိုင်ဖို့ ကြိုးစားနေတယ်လို့လည်း UNHCR က ပြောပါတယ်။

ကယားပြည်နယ်က ဒုက္ခသည်တွေဟာ ရှမ်းပြည်နယ် အရှေ့ပိုင်း ဆီဆိုင်မြို့နယ်အထိ လာရောက်ခိုလှုံကြ တာတွေရှိတယ်လို့ ဒုက္ခသည်တွေကို လက်ခံထားတဲ့ ဆီဆိုင်မြို့နယ် ဇဝနာရာမကျောင်းတိုက်က ဆရာတော် ဦးသုဝဏ္ဏက RFA ကို မိန့်ပါတယ်။

**"လာတဲ့လူလည်း ရှိတယ်၊ ပြန်တဲ့လူလည်း ရှိတယ်၊ အခုတော့ နဂိုရှိတဲ့လူပဲ ထားတာ၊ လာကြတာတော့ အစုံပဲ၊ လွိုင်ကော်လည်းပါတယ်၊ ဒီးမော့ဆို၊ ဖရူဆို၊ အစုံပါပဲ။ ဦးပဥ္စင်းတို့ကတော့ နေစရာပေးတယ်ပေါ့။ တစ်နေ့ကို သုံးကြိမ်ကျွေးတယ်။ ဒီအချိန်ကျတော့ နွေဝင်လာတဲ့အခါကျတော့ ဟင်းအမယ်တစ်ခုပဲ အခက်အခဲ ဖြစ်တာပေါ့"**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်တောင်ပိုင်းက နေရပ်စွန့်ခွာ ထွက်ပြေးရသူ ၄,၇၀၀ ကျော်နဲ့ လွိုင်ကော် မြို့နယ်ကနေ ရှမ်းပြည်နယ်တောင်ပိုင်းကို ထွက်ပြေးခဲ့ကြရတဲ့ ၇,၀၀၀ ခန့်ဟာ မူလနေရာတွေဆီကို ပြန်လာခဲ့ကြ တယ်လို့လည်း UNHCR ရဲ့ ထုတ်ပြန်ချက်မှာ ပါရှိပါတယ်။

UNHCR က ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေအရ ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီ ၁ ရက်ကစပြီး အခုနှစ် ဖေဖော်ဝါရီအထိ တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှာ တိုက်ပွဲနဲ့ လုံခြုံရေး အခြေအနေတွေကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးရသူပေါင်း ၂၂၄,၀၀၀ ကျော်အထိ ရှိနေပါတယ်။

https://www.rfa.org/burmese/news/kayah-refugees-03032022090931.html

-----------------------------------------------------------------------------------------------

## ကော့ကရိတ် စစ်ရှောင်ပြည်သူနေအိမ် အလုံး ၁၀၀ခန့် စစ်ကောင်စီတပ် ဖောက်ထွင်းခဲ့

မတ်လ ၂ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ



ကော့ကရိတ်မြို့နယ် တောင်ပိုင်းတွင် ပြီးခဲ့သည့် ဇန်နဝါရီလက ဖြစ်ပွားခဲ့သော ပစ်ခတ်တိုက်ခိုက်မှုများကြောင့် တိမ်း ရှောင်ခဲ့ရသော စစ်ရှောင်များ၏ နေအိမ်အလုံး ၁၀၀ခန့်ကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဖောက်ထွင်းဝင်ရောက်ခဲ့ပြီး ပစ္စည်းများကို ယူဆောင်ဖျက်ဆီးခဲ့ကြသည်ဟု စစ်ရှောင်ပြည်သူများက ပြောသည်။

တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသော မြို့ဟောင်းရွာရှိ နေအိမ်အလုံး ၄၀ အပါအဝင် မောင်းမရွာသစ်၊ ကြောင် လျှာကုန်း၊ အံဖလေးနှင့် အံဖကြီး စသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များ ဝင်ရောက်အခြေချခဲ့သော ကျေးရွာတိုင်းတွင် နေအိမ်များ ဖောက်ထွင်းခံရကာ အိမ်ထဲရှိ စားနပ်ရိက္ခာများနှင့် အသုံးဆောင်ပစ္စည်းများကို ယူဆောင်သွားခြင်း၊ အိမ် မွေးတိရစ္ဆာန်များကို ဖမ်းယူစားသောက်ခြင်းများ ပြုလုပ်ခဲ့သည်ဟု အမည်မဖော်လိုသူ ဒေသတစ်ဦးက ပြောသည်။

၎င်းဒေသခံက "သူတို့ဝင်တဲ့ရွာတိုင်းကိုက အဲဒီလိုဖြစ်တယ်။ ရွာသူရွာသားတွေမရှိတော့ သူတို့ဖျက်ဆီးတယ်။ ရှိရင် တော့ သူတို့မလုပ်ဘူး။ ရွာသားတွေကလည်း သူတို့နဲ့အတူ ရွာထဲမှာမနေရဲတော့ ထွက်ပြေးနေရတယ်။

အဲဒါကို သူတို့ အခွင့်ကောင်းယူပြီး ဆန်၊ ဆီ၊ ဆား၊ ပြီးတော့ အသုံးဆောင်ပစ္စည်း အိုး၊ ခွက်တွေ၊ ပြီးတော့ ဆိုလာပြား၊ ဘက်ထရီတွေ ယူသွားတယ်။ ကြက်တွေ၊ ဝက်တွေလည်း ယူတယ်။ ဒါတွေက သူတို့အတွက် ရိက္ခာတွေ၊ အသုံးအဆောင်ပစ္စည်းတွေ ပြန်ဖြစ်သွားတာပေါ့။"ဟု ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် အင်အား(၈၀)ခန့်ရှိ စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ကမိုင်ကုန်းနှင့် အံ့ဖလေးကျေးရွာထဲတွင် တစ်လကျော် ကြာ တပ်စွဲနေစဉ် ရွာထဲရှိ လူနေအိမ်များကို ဖောက်ထွင်းမှုများ လုပ်ဆောင်သည့်အပြင် ၎င်းတို့နေထိုင်ခဲ့သည့် နေအိမ် ခြံဝင်းထဲတွင်လည်း ကျင်းပုန်းများတူးထားသည်ဟု ကိုယ်တိုင်မြင်တွေ့ခဲ့ရသည့် ဒေသခံများက ပြောသည်။

ပြီးခဲ့သည့် ဇန်နဝါရီလတွင် ကော့ကရိတ်တောင်ပိုင်းဒေသဘက်တွင် စစ်ကြောင်းထိုးဝင်ရောက်လာသည့် စစ်ကောင်စီ တပ်များနှင့် နယ်မြေခံ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ကေအဲန်အယ်လ်အေ) တပ်မဟာ(၆)၊ တပ်ရင်း (၁၈)နှင့် တပ်ရင်း(၂၇)တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲဖြစ်ပွားရာ စစ်ကောင်စီဘက်မှ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ် ခတ်သည့်အပြင် လေကြောင်းတိုက်ခိုက်မှုများပါ အသုံးပြုခဲ့သည့်အတွက် ဒေသခံတစ်သောင်းကျော်မှာ ထွက်ပြေးတိမ်း ရှောင်ခဲ့ကြရသည်။

လက်ရှိအချိန်တွင် အဆိုပါ စစ်ရှောင်အချို့သည် ၎င်းတို့ကျေးရွာတွင် ပြန်လည်နေထိုင်ပြီးဖြစ်သော်လည်း စစ်ကောင်စီ တပ်ဘက်မှ ပြန်လည်ထွက်ခွာခြင်းမရှိသေးဘဲ ဆက်လက် တပ်စွဲထားသောကြောင့် တိုက်ပွဲများ အချိန်မရွေး ပြန်လည် ဖြစ်လာမည်ကို စိုးရိမ်နေကြ၍ နေအိမ်မပြန်နိုင်သေးသည့် အိမ်ထောင်စု တစ်ထောင်ဝန်းကျင် ကျန်ရှိနေသေးကြောင်း ဒေသခံများထံမှ သိရသည်။

ထိုသို့ ကျေးရွာအတွင်း တပ်စွဲနေထိုင် အခြေစိုက်နေသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များမှာ မည်သည့်တပ်ရင်း၊ တပ်ဖွဲ့က ဖြစ်ကြောင်းကို ကေအိုင်စီက အတိအကျ မသိရှိသေးသည့်အတွက် ဆက်လက် အတည်ပြုသွားမည်ဖြစ်သည်။

ကော့ကရိတ်တောင်ပိုင်းရှိ ထွက်ပြေးတိမ်းရှောင်နေရသည့် ဒေသခံရွာသူရွာသားများအတွက် စစ်ရှောင်စခန်း သီးသန့် ထားရှိပေးခြင်း မရှိဘဲ အခြားကျေးရွာရှိ ၎င်းတို့၏အသိမိတ်ဆွေ နေအိမ်များတွင် ခိုလှုံနေထိုင်ကြခြင်းဖြစ်သည်။ အဆိုပါ ရှောင်တိမ်းမှီခိုနေထိုင်နေရသည့် စစ်ဘေးရှောင် ဒေသခံပြည်သူများအတွက် ရိက္ခာများကို အလှူရှင်အဖွဲ့အစည်းအချို့က ထောက်ပံ့ကူညီမှုများရှိသော်လည်း လုံလောက်မှုမရှိကြောင်း စစ်ရှောင်ကူညီသူများက ပြောသည်။

https://kicnews.org/2022/03/ကော့ကရိတ်-စစ်ရှောင်ပြည့်/

----------------------------------------------------------------------------------------------------

## နွေဦးတော်လှန်ရေး အောင်မြင်မှာ သေချာနေပြီဟု ကေအန်ယူ တာဝန်ရှိသူပြော

Published By DVB | 3 March, 2022



တူမီးနဲ့တိုက်နေတဲ့ ပြည်သူတွေကို စစ်ကောင်စီတပ်က တိုက်လေယာဉ်တွေ၊ တင့်ကားတွေနဲ့ အင်အားအလွန်အကျွံသုံးပြီး နှိမ်နင်းနေရတဲ့ အနေအထား ဖြစ်နေတာကြောင့် ပြည်သူ့နွေဦးတော်လှန်ရေးဟာ အောင်မြင်မှာ သေချာနေပြီလို့ ကရင်အမျိုးသားအစည်းအရုံး (KNU) ခေါင်းဆောင်တဦးက ပြောပါတယ်။

လတ်တလော ကရင်၊ ကရင်နီ၊ ကချင်နဲ့ စစ်ကိုင်းဒေသတွေမှာ စစ်ကောင်စီတပ်တွေက မြေပြင်ဝေဟင်ကနေ အပြင်းအထန်တိုက်ခိုက်နေရတဲ့အပေါ် ကေအန်ယူ နိုင်ငံခြားရေးတာဝန်ခံ ပဒိုစောတောနီး  သုံးသပ်ပြောလိုက်တာ ဖြစ်ပါတယ်။

"စစ်အာဏာသိမ်းပြီးနောက် သုံးလာတဲ့ လေယာဉ်ပျံနဲ့ တိုက်ခိုက်တာက ကျနော်တို့ ကရင်ဒေသတခုတည်းမှာ မဟုတ်တော့ဘူး။ တခြားဒေသမှာကော၊ ကရင်နီဒေသမှာကော၊ ရှမ်းပြည်ဘက်မှာရောပေါ့နော်။ အခုနောက်ဆုံး

တူမီးသေနတ်နဲ့ပဲ ပြန်ပြီးတော့ တော်လှန်တိုက်ခိုက်နေတဲ့ လူတွေဆီကိုလည်း သူတို့ လေယာဉ်နဲ့သုံးမှ ရနိုင်တဲ့အနေအထားဆိုတော့ ဒါကတော့ ရှင်းနေတာပဲ၊ ဒီတိုက်ပွဲ ဘယ်သူအောင်မလဲဆိုတာ။ တူမီးနဲ့ တိုက်နေတဲ့လူကို လေယာဉ်ပျံနဲ့ ပြန်ပြီးတော့ ဖြိုခွင်းတဲ့အနေအထားဆိုတော့ အဲဒီတိုက်ပွဲကို ကျနော်တို့ မေးခွန်းထုတ်စရာမလိုတော့ဘူး။ လုပ်စရာရှိတာလုပ်ရမယ်။ အဲဒီအောင်ပွဲက ကျနော်တို့အတွက်ပဲ။ ကျနော်တို့ လုပ်နိုင်တဲ့ အနေအထားမှာ ကျနော်တို့ လုပ်မယ်။ တရားမျှတမှု မရှိတာ မှန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုစစ်တိုက်တာက တရားမျှတမှု လုံးဝမရှိတော့ဘူး။ သူတို့အနေအထား သူတို့အင်အားအလွန်အကျွံသုံးနေတာတောင်မှ အောင်ပွဲဆိုတာ သူတို့အတွက် ဘာမှ ဖော်ပြစရာမရှိဘူး။ လူထုက သူတို့ကို ခါးခါးသီးသီးဖြစ်လာနေတဲ့အချိန်မှာ ကျနော်တို့ လူထုတိုက်ပွဲက အောင်ကိုအောင်မှာ။”

ပြည်သူလူထုကို အင်အားသုံး အကြမ်းဖက် နှိမ်နင်းနေတဲ့အတွက် စစ်တပ်နဲ့ စစ်ကောင်စီဟာ တနိုင်ငံလုံးက လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးရဲ့ ထောက်ခံမှု ဆုံးရှုံးသွားရပြီလို့လည်း ကေအန်ယူတာဝန်ရှိသူက ဆက်ပြောပါတယ်။

“စစ်တပ်ဘက်က  ဆုံးရှုံးသွားတဲ့အခါမှာ အရာရာတိုင်းကို အင်အားနဲ့ပဲ ဖြိုခွင်းမယ်၊ အနိုင်ယူမယ်ဆိုတဲ့ မပြောင်းလဲနိုင်တဲ့ သူ့ရဲ့သဘောတရားတခုကတော့ အရင်ကတည်းက ကိုင်ထားတာ၊ လူထုအပေါ်မှာ ဒီလို ဆက်ဆံလာတဲ့အခါကျတော့ မြို့ရော၊ တောရော အကုန်လုံး လုပ်တဲ့အရာမှန်သမျှ လူထုကို သတ်ဖို့ဖြတ်ဖို့ပဲ လုပ်တဲ့အခါကျတော့ လူထုရဲ့ စိတ်တွေ ကြောက်စိတ်တွေ ဖုံးလွှမ်းသွားပြီး သူတို့ကို လှန်နိုင်တဲ့အနေအထား ရှိရမယ်ဆိုတဲ့ သူတို့ရဲ့ ခံယူချက်နဲ့ သူတို့လုပ်သွားတာ။ အခုက သူတို့ ရလိုက်တဲ့အဖြေက လူထုက သူတို့ကို ခါးခါးသီးသီး မုန်းတီးသွားပြီးတော့ လူထုတွေက သူတို့ရဲ့ ရန်သူ အကုန်လုံးဖြစ်သွားတယ်။ အဲဒါ သူတို့ဘက်က ဆုံးရှုံးသွားတဲ့အရာ ဖြစ်တယ်။ ကျနော်တို့အတွက် ရတဲ့အရာက ဘာလဲဆိုတော့ လူထုတယောက်ချင်းစီ၊ တယောက်ချင်းစီက၊ ဒီတော်လှန်ရေး ငါတို့နဲ့ ပတ်သက်တယ်၊ အဲဒီအမြင်တွေက ကျနော်တို့က အခုက နှစ် ၇၀ လုံး လုံးပမ်းလာတာ အခုမှ ရတဲ့အနေအထားမှာ ရောက်သွားတာ။ ဆိုတော့ ဒါကျနော်တို့ တော်လှန်ရေးအတွက် တကယ့်အင်အားပဲ။ ဆုံးရှုံးမှုတွေ လုပ်တဲ့အပိုင်းမှာတော့ ပြောစရာကိုမလိုဘူး။ ဘာလို့လဲဆိုတော့ မြို့ပေါ်မှာ သူတို့ သတ်ဖြတ်နေတဲ့ဟာတွေကို မျိုးစုံပဲ၊ ကျနော်တို့ ဖော်ပြလို့တောင်မကုန်ဘူး။ တောမှာလည်း ထစ်ခနဲဆိုရင် လူထုတွေကို သွားပြီးတော့ သတ်ဖြတ်တာ၊ လေယာဉ်ပျံဗုံးကြဲတာ ကျနော်တို့ တောက်လျှောက်ပဲ၊ ဒီအနေအထားကလည်း နိုင်ငံတကာ မျက်နှာစာမှာ ရောက်လာတယ်။ ဆိုတော့ ရက်စက်ကြမ်းကြုတ်မှုတွေ ကျနော်တို့ ဖော်ပြလို့ မရနိုင်တဲ့နေအထားမှာရှိနေတဲ့အခါကျတော့ ဒီတော်လှန်ရေးတခုလုံးမှာ လူထုက ဒီတော်လှန်ရေးထဲမှာ လူထုက မပါချင်ဘဲ ပါလာရတဲ့ အနေအထား ရောက်လာတယ်ဆိုတာ ဒီစစ်ကောင်စီရဲ့ လုပ်ရပ်တွေကြောင့်ပဲဖြစ်တယ်။ ”

နိုင်ငံတကာ သံတမန်ရေးမှာလည်း  စစ်ကောင်စီဟာ ရှုံးနိမ့်နေတယ်လို့  ပဒိုစောတော်နီးက ဆိုပါတယ်။

“ဆိုတော့ နောက်ထပ် နိုင်ငံတကာ မျက်နှာစာမှာ ဘယ်လိုရှိလဲဆိုတော့ ကျနော်တို့ ဒီနေ့ အန်ယူစီစီကို ဖွဲ့စည်းလာတဲ့အခါမှာ နိုင်ငံတကာဆက်ဆံရေး၊ သံတမန် ဆက်ဆံရေးပိုင်းမှာတော့ ကုလသမဂ္ဂအလယ်မှာ စစ်ကောင်စီက ဘယ်လိုမှ နေရာမရဘူးဆိုတာ ရှင်းနေတာပဲ။ ဒါ ကျနော်တို့ ဆက်တွန်းရမယ့်ကိစ္စ  ဖြစ်တယ်။ ကျနော်တို့ ရှေ့ဆက်ရမယ့်ဟာကတော့ ပြည့်စုံမှုမရှိပေမဲ့ ကျနော်တို့ အခြေခံကောင်းရသွားပြီ။ ကျနော်လည်း ပြောထားတယ်။  ၂၀၂၂ က ဒီမတရားမှုကို အလဲထိုးရမယ့်နှစ်လို့ ရှင်းရှင်းပြောထားတယ်။ အဲဒါကို ကျနော်တို့ ဒီနေ့ကစပြီးတော့ ဘာမှ သံသယဖြစ်စရာမလိုဘူး။ ကျနော်တို့ မူဝါဒက ရှင်းတယ်။ ဒီအာဏာသိမ်းတဲ့အဖွဲ့ကို ဖြုတ်ချရမယ်။”

လက်ရှိ အခြေအနေမှာ စစ်အာဏာရှင်စနစ်ကို အမြစ်ကနေ တွန်းလှန်ဖယ်ရှားနိုင်ဖို့ ပြည်တွင်း ပြည်ပ မြန်မာနိုင်ငံသားတွေ ညီညွတ်ကြရမယ်လို့လည်း ကေအန်ယူတာဝန်ရှိသူက တိုက်တွန်းသွားခဲ့ပါတယ်။

https://burmese.dvb.no/archives/519987

-----------------------------------------------------------------------------------------------

## အိန္ဒိယနယ်စပ် စစ်ကောင်စီတပ် အင်အားတိုးမြှင့်

03 မတ်၊ 2022 | ခင်မောင်စိုးမင်း

စစ်ရေးပဋိပက္ခဖြစ်ပွါးနေတဲ့ အိန္ဒိယ၊ မြန်မာနယ်စပ် ချင်းပြည်နယ် ဖလမ်းမြို့နယ် ရိခေါ်ဒါရ်မြို့နယ်စပ်မှာ ဒီရက်ပိုင်းအတွင်း ထပ်မံအင်အားတိုးချထားပါတယ်။ ချင်းအမျိုးသားကာကွယ်ရေး CNDFအဖွဲ့တွေ နယ်စပ်ဂိတ်မှာ အခွန်ကောက်နေတာကို တားဆီးဖို့ ဆိုတဲ့အကြောင်းပြချက်နဲ့ နယ်မြေထိန်းချုပ်ချင်လို့ တပ်လာချတာဖြစ်တယ်လို့CNDFတာဝန်ရှိသူတွေက ပြောပါတယ်။ စစ်ကောင်စီဘက်ကတော့ အကြမ်းဖက်မှုတိုက်ဖျက်ရေး အတွက်လုပ်ရှားတာလို့ပြောပါတယ်။ တဖန်အိန္ဒိယ နယ်စပ်ဘက်မှာလဲ လုံခြုံရေးတပ်တေအွနီးကပ် ရှိနေတာကြောင့် ပဋိပက္ခဖြစ်ပွါးမှာ ဒေသခံတွေကစိုးရိမ်နေကြပါတယ်။ ဒီအကြောင်းရန်ကုန်ကပေးပို့တဲ့သတင်းကိုအကျဉ်းချုံးပြီး ကိုခင်မောင်စိုးမင်း က ပြောပြပေးပါလိမ့်မယ်။

အိန္ဒိယ၊ မြန်မာနယ်စပ် အမှတ် (၂) နယ်စပ်ကုန်သွယ်ရေးစခန်းအခြေစိုက်ရာ ဖလမ်းမြို့နယ်၊ ရိခေါ်ဒါရ်မြို့အမှတ် (၂) ရပ်ကွက် တီအိုချောင်း တောင်ကုန်းမှာ စစ်ကောင်စီတပ်ဖွဲ့ကနေ ထပ်မံနေရာယူတပ်စွဲထားတယ်လို့ ဒေသခံ ချင်းအမျိုး သားကာကွယ်ရေးCNDF အဖွဲ့ ကပြောပါတယ်။ ဒေသတွင်းလုံခြုံရေးနဲ့ CDF တပ်ဖွဲ့တွေက အခွန်ကောက်ခံမှုတွေလုပ်ဆောင်နေတယ်လို့ချင်းပြည်နယ်အစိုးရရဲ့ တင်ပြချက်ကြောင့် အခုလို နယ်စပ်မှာ တပ်တွေ တိုးချဲ့ချထားတာဖြစ်နိုင်တယ်လို့ ဖလမ်း CNDFပြန်ကြားရေးတာဝန်ရှိသူတဦးက ပြောပါတယ်။

“ ရိနယ်ဘက်မှာလား။ အဲတာနေရာယူနေကြတယ်။ မနေ့က တနေ့က ဟယ်လီကော်ပတာရောက်ရှိနေတယ်လေ။ အဲဒီမှာလူတွေပါလာလိမ့်မယ်ထင်တယ်။ နောက်ပြီးတော့ ချင်းပြည်နယ်ဝန်ကြီးချုပ်ငွန်ဆန်းအောင်ရဲ့ ချခိုင်းတဲ့အနေအထားမှာ ဖြစ်ကောင်းဖြစ်နိုင်တယ် အဲတာ။ ချင်းပြည်နယ်ဝန်ကြီးချုပ် ငွန်ဆန်းအောင်ရဲ့ မင်းအောင်လှိုင်ဆီမှာ တိုင်ကြားထားတဲ့ ဟာရှိတယ်လေ။ အဲတာကြောင့်လဲပါမယ်ဗျ။ ဒီနယ်တကြောမှာ လုံခြုံရေးချချင်လို့လဲပါမယ်။ နောက်ပြီးတော့လမ်းကြောင်း ရှင်းချင်လို့လဲပါမယ်။ နောက်ပြီးတော့ CDFတွေက အခွန်ကောက်တယ်ဆိုပြီးတော့ သူတို့ကဘဲ အဲတာကိုထိန်းချုပ်ဖို့ ဆိုပြီးတော့ အကြောင်းပြထားတာ။ သူတို့ဒီလမ်းကြောကိုပိတ်ချင်လို့ဘဲ ကျွန်တော်တို့ထင်တယ်။ ဒီဖက် ဖလမ်းဖက်အဝင် ဒီဖက် တီးတိန်ဖက်အဝင် အဲဒီလိုမျိုး အဲတာပိတ်ချင်လို့ဘဲထင်တယ်။ ဒီအခွန်ကောက်တယ်ဆိုတာ သူတို့အကြောင်းပြ ချက် ဘဲဖြစ်လိမ့်မယ်။’’

ရိခေါ်ဒါရ် ကုန်သွယ်ရေးစခန်းနဲ့ နှစ်မိုင်လောက်အကွာမှာ CDF တပ်ဖွဲ့တွေက ကုန်ပစ္စည်းတွေစစ်ဆေးတာ၊ အခွန်ကောက်ခံမှုတွေ လုပ်ဆောင်နေတာကြောင့် လုံခြုံရေးတပ်ဖွဲ့တွေပြန်ထားသင့်တယ်ဆိုပြီး ဝန်ကြီးချုပ်ဦးငွန်ဆန်းအောင်က ဖေဖော် ဝါရီလ ၁၃ ရက်နေ့က နေပြည်တော်မှာပြုလုပ်တဲ့ စစ်ကောင်စီဥက္ကဋ္ဌနဲ့ တိုင်း၊ပြည်နယ်ဝန်ကြီးချုပ်တွေ အစည်း အဝေးမှာ တင်ပြခဲ့ပြီးနောက်မှာ အခုလိုအင်အားတိုးချလာတာလို့ ချင်းကာကွယ်ရေးCDF အဖွဲ့က မြင်ပါတယ်။

ယခင်ကတည်းက ရိခေါ်ဒါရ်မြို့ အမှတ် (၁)ရပ်ကွက်မှာ စစ်ကောင်စီတပ်က စခန်းချထားတာရှိပေမဲ့ အခုအမှတ်(၂)ရပ် ကွက် တောင်ကုန်းမှာပါ ဖေဖော်ဝါရီလကုန်လောက်က စစ်ကောင်စီတပ်ကနေ ထပ်မံနေရာယူတပ်စွဲထားတာပါ။

ရိခေါ်ဒါရ်မြို့နယ်စပ်မှာ တပ်စခန်းတိုးချလာတာဟာ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက်လို့ စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းကအခုလိုပြောပါတယ်။

“ ကျွန်တော်တို့နယ်စပ်တွေမှာ။ နှစ်နိုင်ငံနယ်စပ်တွေမှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက်ဘဲ လှုပ်ရှားနေတာရှိတယ်။ သောင်းကျန်းမှုနှိမ်နင်းရေး အကြမ်းဖက်မှုတိုက်ဖျက်ရေး တဖက်နဲ့တဖက် ကျွန်တော်တို့လှုပ်ရှားနေတာဘဲရှိပါတယ်။ ကျန်တဲ့ဟာမရှိပါဘူးဗျ။’’

စစ်ကောင်စီတပ်ဖွဲ့ဟာ ယခင်ကတော့ ရိခေါ်ဒါရ်မြို့ အမှတ် (၁) ရပ်ကွက်တောင်ကုန်းပေါ်မှာသာ စခန်းချနေထိုင်ကြပေမယ့် ခုအခါမှာတော့ အမှတ် (၂) ရက်ကွက် တောင်ကုန်းပေါ် ဗျူဟာကျတဲ့နေရာမှာ

ခြေကုတ်ယူလာတာဖြစ်ပါတယ်။ ဒီလိုတပ်အင်အားနေရာယူလာတဲ့အတွက် ရိခေါ်ဒါရ်မြို့ခံတွေက
စိုးရိမ်နေကြပါတယ်။

“ စိုးရိမ်တယ်ဆိုတာက အရင်က တပ်တွေကို တပ်ကုန်းမှာဘဲနေတယ်။ အခုတော့ ဒီမှာ အမှတ်(၂)
တောင်ကုန်းပေါ်မှာ လာအခြေချတယ်ဆိုတော့ တချို့လူတွေက စိုးရိမ်တယ်ပေါ့။ အိန္ဒိယရိုင်ဖယ်တပ်တွေကလဲ
အမြဲတမ်းရှိနေတာဘဲ။ ကိုယ့်နေရာနဲ့ကိုယ်နေကြတာဘဲ။’’

အိန္ဒိယဘက်ခြမ်းမှာလဲ အိန္ဒိယလုံခြုံရေးရိုင်ဖယ်တပ်ဖွဲ့တွေက နေရာယူထားတဲ့အတွက် နှစ်နိုင်ငံတပ်ချင်း
ပဋိပက္ခဖြစ်ပွါး မှာ ဒေသခံတွေစိုးရိမ်နေကြပါတယ်။ ဒါပေမဲ့စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းက
ပြောပါတယ်။

“အိန္ဒိယနဲ့မြန်မာနိုင်ငံက နှစ်ဖက်တပ်တွေအနေနဲ့က ဆက်စပ်မှုလဲရှိပါတယ်။ နယ်ခြားတပ်တွေအနေနဲ့က
သူသတ်မှတ်ထားတဲ့အခြေအနေမှာ ပုံမှန်ဆက်သွယ်နေတာတွေ ရှိပါတယ်။ ဒီနိုင်ငံကတော့ သဘောတူထားတာ
ဟိုဘက်နိုင်ငံက ပေါ့ နော် ဆန့်ကျင်နေတဲ့ အကြမ်းဖက်အဖွဲ့တွေ
ဒီဘက်နိုင်ငံကလဲဆန့်ကျင်နေတဲ့အကြမ်းဖက်အဖွဲ့တွေကို သူတို့နယ်မြေထဲ မှာ သွားပြီးတော့
လက်ခံမှုမရှိဘူးဆိုပြီးတော့ ဆိုတဲ့ဟာကို နှစ်နိုင်ငံသဘောတူထားပြီးဖြစ်ပါတယ်။ ’’

လက်ရှိ ဖလမ်းမြို့နယ်ဘက်မှာ စစ်ကောင်စီတပ်နဲ့ ဒေသခံချင်းကာကွယ်ရေးCNDFဖွဲ့တို့အကြား
စစ်ရေးတင်းမာနေပါတယ်။
မနေ့ကတနင်္လာနေ့က ဖလမ်းမြို့နယ် တားရ်ရွာဘက်မှာ နှစ်ဖက်တိုက်ပွဲဖြစ်ပွါးခဲ့ပြီး
ထိခိုက်မှုတော့မသိရသေးဘူးလို့ ချင်းကာကွယ်ရေးCNDFဘက်ကပြောပါတယ်။

ဖလမ်းမြို့နယ် ရိခေါ်ဒါရ်မြို့ဟာ အိန္ဒိယ၊ မြန်မာနယ်စပ်ကုန်သွယ်ရေးရဲ့
အဓိကအချက်အချာကျတဲ့မြို့ဖြစ်ပါတယ်။
လက်ရှိမှာ COVIDရောဂါကူးစက်နေမှုနဲ့ စစ်တပ်ကအာဏာသိမ်းပြီးနောက်နောက်ပိုင်း
နယ်စပ်ကုန်သွယ်ရေးရောင်းဝယ်ရေး နည်းပါးနေပါတယ်။
https://burmese.voanews.com/a/india-burma-border-cndf/6467917.html

-----------------------------------------------------------------------------------------

## စစ်ကောင်စီတပ်မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးရခဲ့သည့် ပြည်သူ့အိုးအိမ် ၆၀၀၀ ကျော်ရှိလာ

Published By DVB | 3 March, 2022




စစ်တပ်အာဏာသိမ်းကာလ တနှစ်ကျော်အတွင်းမှာ
အကြမ်းဖက်စစ်ကောင်စီတပ်နဲ့ လက်ပါးစေ အဖွဲ့အစည်းတွေက
မီးရှို့လို့ ပျက်စီးသွားတဲ့ လူနေအိမ်ပေါင်း ခန့်မှန်းခြေ ၆,၁၅၈ လုံး
လောက်ရှိခဲ့တယ်လို့ Data for Myanmar အဖွဲ့က ထုတ်ပြန်ပါတယ်။

အဲဒီ ဖြစ်စဉ်တွေဟာ မြန်မာနိုင်ငံအနှံ့ နေရာပေါင်း ၁၆၅
နေရာလောက်မှာ ဖြစ်ပွားခဲ့တာဖြစ်ပြီး  မြေပုံ၊ ဂရပ်တွေနဲ့တကွ
ယှဉ်တွဲဖော်ပြထားခဲ့ကာ သတင်းမီဒီယာတွေမှာ ဖော်ပြခဲ့တဲ့
တိုက်ပွဲသတင်းတွေနဲ့ နေအိမ်မီးရှို့ခံရတဲ့ သတင်းတွေကို ရက်အလိုက်၊
ဖြစ်စဉ်အလိုက် ပြန်စီပြီးတော့ ရေတွက်ထားတယ်လို့ ဆိုပါတယ်။

စစ်ကောင်စီတပ်တွေ မီးရှို့ဖျက်ဆီးခံရတဲ့အတွက် လူနေအိမ်ခြေ ပျက်စီးဆုံးရှုံးမှု အစဉ် လိုက်စာရင်းမှာတော့
စစ်ကိုင်းတိုင်းဒေသကြီးက ၃,၆၈၉ လုံးနဲ့ အများဆုံးဖြစ်ပြီး သူ့နောက်မှာ ချင်းပြည်နယ်က ၁,၁၀၅ လုံး၊
မကွေးတိုင်းက ၈၈၅ လုံး၊ ကယားပြည်နယ်က ၃၁၁ လုံးစီနဲ့ ပျက်စီးဆုံးရှုံးမှု အများဆုံး ဖြစ်နေပါတယ်။

Data for Myanmar အဖွဲ့အနေနဲ့ သတင်းဌာနတခုချင်းစီက မတူညီတဲ့ အရေအတွက်တွေကို cross-check လုပ်ပြီး စိစစ်ထားသလို ဒေသခံ လူ့အခွင့်အရေးအဖွဲ့တွေနဲ့ စစ်ဘေးရှောင်တွေကို ကူညီပေးနေတဲ့ အဖွဲ့တွေက ထုတ်ပြန်တဲ့ စာရင်းတွေကို အခြေခံထားပြီး မပြည့်စုံတဲ့ အချက်အလက်တွေ ချန်ထားခဲ့ရတာမို့ မြေပြင်အရေအတွက်က ပိုများနိုင်တယ်လို့ ဆိုပါတယ်။

လက်ရှိအချိန်ထိ မြန်မာနိုင်ငံအနှံ့ မြို့ရွာတွေမှာ အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက်ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ် ဖြတ်နေမှုတွေကို ပြည်သူလူထုတရပ်လုံးက အသက်ရှင်သန်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့်အရ၊ ပြည်သူ့ခုခံစစ် (Peoples Defensive War) ကို ဆင်နွှဲနေကြတာပါ။

နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီး တိုင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) ရဲ့ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံမှာ အာဏာသိမ်းကာလ ၁ နှစ်ကျော်အကြာ စစ်ကောင်စီတပ်တွေရဲ့ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူအယောက် ၁,၅၉၈ နဲ့ ဖမ်း ဆီးထိန်းသိမ်းခံရသူပေါင်း ၁၂,၄၆၆ ယောက်ထိ ရှိလာခဲ့ပြီလို့ ဖော်ပြထားပါတယ်။

https://burmese.dvb.no/archives/519825

---------------------------------------------------------------------------------------------------

## ရပ်စောက်မြို့နယ် ပန်ခါကျေးရွာ လူငယ်တစ်ဦး မိုင်းနင်းမိ သေဆုံး

By SHAN - March 3, 2022

သျှမ်းပြည်တောင်ပိုင်း ရပ်စောက်မြို့နယ် နောင်ဝိုးကျေးရွာအုပ်စု ပန်ခါကျေးရွာနေ အသက် ၂၇ နှစ်အရွယ် အမျိုးသားတစ်ဦးသည် ယမန်နေ့ (မတ် ၂)ရက်တွင် မိုင်းနင်းမိပြီး ပွဲချင်းပြီး သေဆုံးသွားကြောင်း စုံစမ်းသိရှိရသည်။



ယမန်နေ့ (မတ်လ ၂) ရက် နေ့လည် ၃ နာရီဝန်းကျင်တွင် အသက် (၂၇)နှစ်အရွယ်ရှိ စိုင်းခမ်းသည် ငါးသွားဖမ်းရန် အတွက် သွားစဥ် တောထဲတွင် မိုင်းနင်းမိပြီး သေဆုံးသွားကြောင်း သိရသည်။

“မနေ့က ဖြစ်တာပါ။ သူက ငါးသွားရှာတာတဲ့။ ငါးသွားရှာရင်း ဖြစ်သွားတာ။ မိုင်းနင်းမိပြီးတော့ အဲနေရာမှာပဲ ချက်ချင်းသေဆုံးသွားတာ။ သူနဲ့လိုက်သွားတဲ့သူတော့ရှိတယ်။ ဒါပေမဲ့ သူပဲ ထိပြီး သေဆုံးသွားတာ” ဟု စိုင်းခမ်း၏ ဆွေမျိုးတော်စပ်သူ အမျိုးသမီးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

အဆိုပါ စိုင်းခမ်းသည် ကျေးရွာတွင် လူငယ်ခေါင်းဆောင်ဖြစ်ပြီး လူငယ်များကို ရိုးရာ အက သင်ပေးသူ တစ်ဦးလည်း ဖြစ်သည်။

ထိုသို့ မိုင်းနင်းမိပြီး သေဆုံးခြင်းသည် ပန်ခါကျေးရွာတွင် ပထမဆုံးအကြိမ်ဖြစ်ပြီး ယခင်က မရှိဖူးကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အချင်းချင်း တိုက်ပွဲဖြစ်ပွားရာမှ မြေမြှုပ်မိုင်းများ ရှိလာကြောင်း သိရသည်။

“အရင်က မရှိဖူးဘူး။ ဒါက ပထမဆုံးပဲ။ အရင်ဆိုရင် မြေမြှုပ်မိုင်းလည်း မရှိဘူး။ ဘာမိုင်းမှမရှိဘူး။ မိုင်းနင်းမိပြီး သေဆုံးတာတော့ သူ ပထမဆုံးပဲ။ တိုက်ပွဲဖြစ်ပြီးနောက်မှ ဒီလိုတွေဖြစ်လာတာ” ဟု ဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်။

RCSS/SSA နှင့် မြောက်ပိုင်းမဟာမိတ်တို့ သျှမ်းပြည်မြောက်ပိုင်းတွင် တိုက်ပွဲစတင်ဖြစ်ပွားခဲ့ပြီး သျှမ်းပြည်တောင်ပိုင်းအထိ စစ်မီးကူးလာတာဖြစ်ကြောင်း၊ မြေမြှုပ်မိုင်းများကို အသုံးပြုခဲ့ကြပြီး ပြန်ထွက်ခွာချိန်တွင် မိုင်းများကို ပြန်လည်ဖြေရှင်းပေးတာ မရှိသောကြောင့် ပြည်သူများက မြေစာပင်အဖြစ် မိုင်းနင်းမိ သေဆုံးမှုများရှိနေကြသည်။

ထိုသို့ သေဆုံးမှုများရှိနေသော်လည်း လက်နက်ကိုင်အဖွဲ့အစည်းမှ တာဝန်ယူဖြေရှင်းပေးခြင်းလည်း မရှိကြောင်း သိရသည်။

ထို့အပြင် ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင်လည်း နောင်ဝိုးကျေးရွာအနီးတွင် ဆိုင်ကယ်စျေးသည်အမျိုးသားတစ်ဦး မိုင်းနင်းမိပြီး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

https://burmese.shannews.org/archives/27229

-----------------------------------------------------------------------------------------

## စစ်ကောင်စီ လေတပ်မှ ဗိုလ်ကြီး ၁ ဦးနှင့် တပ်သား ၁ ဦး CDM ပြုလုပ်

By မဇ္ဈိမ | 03 March 2022



စစ်ကောင်စီ လေတပ်မှ ဗိုလ်ကြီး မုတ်သုံ နှင့် လေကြောင်းရန် ကာကွယ်ရေး တပ်ရင်း တစ်ခုမှ တပ်သား သီဟနိုင်တို့ အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှု (CDM) ပြုလုပ်ကာ ပြည်သူ့ဘက်သို့ ကူးပြောင်း လာခဲ့သည်ဟု ပြည်သူ့ပန်းတိုင် အဖွဲ့က ယနေ့ မတ်လ ၃ ရက်တွင် သတင်း ထုတ်ပြန်သည်။

တပ်သား သီဟနိုင်သည် အမ်အေ-၃ သေနတ် နှစ်လက်နှင့် အတူ ဖေဖော်ဝါရီလ အတွင်းက ပြည်သူ့ဘက် ကူးပြောင်းခဲ့ခြင်း ဖြစ်ကာ လက်ရှိတွင် ပြည်သူ့ပန်းတိုင် အဖွဲ့၏ ချိတ်ဆက် ကူညီ ဆောင်ရွက် ပေးမှုဖြင့် လွတ်မြောက်နယ်မြေ တစ်နေရာ၌ ရောက်ရှိနေပြီ ဖြစ်သည်။

" အတွေးအခေါ် အသိဉာဏ် မြင့်မားပြီး ပြည်သူလူထုကို အမှန်တကယ် အလုပ်အကျွေး ပြုချင်တဲ့၊ အမှန်တရားကို မြတ်နိုးကြတဲ့၊ အကြမ်းဖက် စစ်ကောင်စီရဲ့ မတရား ဖိနှိပ်မှုတွေကို မနှစ်မြို့ ကြတဲ့၊ တပ်မတော်ကို ပြည်သူချစ်တဲ့ ပရော်ဖက်ရှင်နယ် တပ်မတော်အဖြစ် မြင်လိုကြတဲ့ တပ်မတော်သား ကောင်းတွေ စစ်ကောင်စီတပ်ထဲမှာ များစွာ ရှိနေမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် တပ်မတော်သား ကောင်းများ အနေနဲ့ မိမိတို့ ဂုဏ်သိက္ခာ နှင့် အနာဂတ်၊ မိမိတို့ မျိုးဆက်များရဲ့ ဂုဏ်သိက္ခာ နှင့် အနာဂတ်များ အတွက် ဆင်ခြင်သုံးသပ်ပြီး စစ်အာဏာရှင် အသုံးချခံ အဖြစ် ကနေ အချိန်မီ ရုန်းထွက်ကာ ပြည်သူလူထု နဲ့ အမှန်တရားအတွက် ရဲရဲဝံ့ဝံ့ ရပ်တည်ပေးကြဖို့ သတင်းစကားပါး တိုက်တွန်း အပ်ပါတယ် " ဟု ပြည်သူ့ပိုင်းတိုင် အဖွဲ့က ဆိုထားသည်။

ထို့အပြင် ၂၀၂၁ ခုနှစ် ဧပြီလ ကတည်းက ပြည်သူ့ဘက် ရပ်တည်ခဲ့ပြီး ခက်ခက်ခဲခဲ ပုန်းရှောင် နေခဲ့ရသည့် တပ်ကြပ်ကြီး နောင်ရိုးကိုလည်း ပြည်သူ့ပန်းတိုင် အဖွဲ့က လွတ်မြောက်နယ်မြေ တခုသို့ ကူညီ ပို့ဆောင်ပေးခဲ့ပြီး မကြာခင် ပြည်သူလူထုနှင့် မိတ်ဆက် ပေးသွားမည်ဟု သိရသည်။

ပြည်သူလူထုကို အကြမ်းဖက် သတ်ဖြတ်နေသည့် စစ်ကောင်စီ၏ လုပ်ရပ်များကို မလိုလား မနှစ်မြို့ ကြသည့် အရာရှိ စစ်သည်များသည် ၎င်းတို့ ဂုဏ်သိက္ခာ၊ ၎င်းတို့ မျိုးဆက်များ၏ ဂုဏ်သိက္ခာကို ပြန်လည် ရယူရန် စစ်အာဏာရှင်၏ လက်ကိုင်တုတ် အဖြစ်မှ ရုန်းထွက်ပြီး ပြည်သူ့ဘက်သို့ ကူးပြောင်း ရပ်တည်လာမှု တဖြည်းဖြည်း ပိုမို များပြားလာနေသည်။

ထို့ကဲ့သို့ CDM ပြုလုပ်ပြီး ပြည်သူ့ဘက် ပူးပေါင်းသူများ၏ ရုပ်ပုံနှင့် အချက်အလက်များကို စစ်ကောင်စီ တပ်များအတွင်း ကပ်ကာ ၎င်းတို့နှင့် ဆက်သွယ်ခြင်းများ မပြုလုပ်ကြရန် သတိ ပေးခြင်းများ ရှိနေသည်ဟုလည်း သိရသည်။

" ကပ်တာကတော့ အရင်ကတည်းကပါ။ တပ်ထဲက လူတွေကို ကျွန်တော်တို့နဲ့ အဆက်အသွယ် မလုပ်ဖို့ အမိကပေါ့။ အရေးခင်း ဖြစ်ကာစ ကတော့ သူတို့ တပ်ထဲ အယောင်ဆောင်ပြီး ဝင်မှာ ဆိုးလို့ကပ်တာ။ လေတပ်တိုင်း ကပ်တယ်လို့တော့ ပြောတယ်။ ရေတပ်တော့မသိဘူး၊ ကြည်းတပ်ကတော့ ကပ်မယ်ဆို နည်းတာမှ မဟုတ်တာ အများကြီးပဲ။ ကြည်းကတော့ မကပ်လောက်ဘူး " ဟု လေတပ်မှ CDM တပ်ကြပ်ကြီး ဇေယျာက ဆိုသည်။

ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ နှစ်လအတွင်း စစ်ကောင်စီတပ် အတွင်းမှ CDM ပြုလုပ်သူ ရာကျော် ရှိပြီ ဖြစ်ပြီး လေတပ်မှ တစ်နှစ်ကျော် အတွင်း CDM ပြုလုပ်သူ အရာရှိနှင့် စစ်သည် ၁၀၀ ကျော် ရှိပြီဟု သိရသည်။

ပြည်သူ့ပန်းတိုင်မှ သိရှိထားချက်အရ ပြည်သူ့ဘက် ရပ်တည်ခဲ့သူ လေတပ်အရာရှိ သုံးဦး ရှိသည်။ ပြီးခဲ့သည့်နှစ် အစောပိုင်း ကတည်းက CDM ပြုလုပ်ခဲ့သည့် ဗိုလ် Jade Boss ၊ ယခုနှစ် ဖေဖော်ဝါရီလ အတွင်းက KNDF နှင့် ဆက်သွယ်ကာ CDM ပြုလုပ်ခဲ့သည့် ဗိုလ်ကြီး ဇေသူအောင်နှင့် ယနေ့ ပြည်သူ့ပန်းတိုင်က ထုတ်ပြန်သည့် ဗိုလ်ကြီး မှတ်သုံတို့ ဖြစ်သည်။

ဓာတ်ပုံ - စစ်ကောင်စီ၏ လေတပ်အတွင်းမှ CDM ပြုလုပ်သူများကို ပုံမျာနှင့်တကွ ကပ်ကာ အသိပေးကြေညာထားခြင်း ဖြစ်သည်။

https://www.mizzimaburmese.com/article/100900

-----------------------------------------------------------------------------------------------

## စစ်အာဏာရှင်ဖြုတ်ချရေး အရာရှိစစ်သည်များ ပြည်သူနှင့်ပူးပေါင်းရန် ဗိုလ်ကြီးဇေသူအောင် တိုက်တွန်း

Published By DVB | 3 March, 2022



စစ်အာဏာရှင်စနစ်ကို နှစ်ဖက်ထိခိုက်မှု အနည်းဆုံးနဲ့ ဖြုတ်ချနိုင်ဖို့ဆိုရင် လက်ရှိ တပ်မတော်မှာ တာဝန်ထမ်းဆောင်နေတဲ့ အရာရှိစစ်သည်တွေ အာဏာဖီဆန် CDM ဝင်ဖို့ လိုအပ်တယ်လို့ ပြည်သူ့ရင်ခွင်ကို ခိုလှုံလာတဲ့ လေတပ်အရာရှိ ဗိုလ်ကြီးဇေသူအောင်က ပြောကြားလိုက်ပါတယ်။

နေပြည်တော်လေတပ်စခန်း၊ အမှတ် ၄၅ ကင်းထောက်လေယာဥ် အုပ်လေသူရဲ တာဝန်ကနေ ပြည်သူ့ရင်ခွင် ခိုလှုံလာတဲ့ စီနီယာဗိုလ်ကြီး ဇေသူအောင်က နောက်လာမယ့် မျိုးဆက်တွေသစ်တွေအတွက် စစ်အာဏာရှင်စနစ်အား တိုက်ကို တိုက်ထုတ်ရမှာဖြစ်လို့ နွေဦးတော်လှန်ရေးကို အားလုံးပူးပေါင်းပါဝင်ကြဖို့လည်း တိုက်တွန်းထားပါတယ်။

စစ်အာဏာရှင်ကို စွန့်ခွာပြီး ပြည်သူ့ရင်ခွင်ကို ခိုလှုံလာတဲ့ အရာရှိစစ်သည် မိသားစုတွေကို ပြည်သူလူထုတွေက အစစအရာရာ ကူညီပြီး နွေးထွေးစွာ ကြိုဆိုနေတယ်လို့လည်း စစ်သက် ၁၇ နှစ်ကျော် တာဝန်ထမ်းဆောင်ပြီး CDM ဝင်လာတဲ့ ဗိုလ်ကြီးဇေသူအောင်က ပြောပါတယ်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း လေတပ်မှ CDM ဝင်ရောက်လာသူ အရာရှိစစ်သည် ၁၀၀ ကျော်ရှိလာပြီ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/519872

---------------------------------------------------------------------------------------------

## တပ်ဖွဲ့အင်အား နည်းလာ၍ ရဲတပ်ဖွဲ့ ၆ ခုကို ဖျက်သိမ်းရန် စစ်ကောင်စီ ပြင်ဆင်နေဟုဆို

By ဧရာဝတီ | 3 March 2022

အာဏာသိမ်း စစ်ကောင်စီ လက်အောက်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် အင်အား နည်းပါးလာ၍ ဝန်ထမ်းအင်အား လိုအပ် ချက် ရှိလာသဖြင့် ရဲချုပ်ရုံး ကွပ်ကဲမှု အောက်ရှိ တပ်ဖွဲ့ ၆ ခုကို ဖျက်သိမ်းရန် ပြင်ဆင်နေကြောင်း သတင်းများထွက်ပေါ် နေသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် လက်အောက်ရှိ ရေကြောင်း ရဲတပ်ဖွဲ့၊ လေကြောင်း ရဲတပ်ဖွဲ့၊ ကမ္ဘာလှည့် ခရီးသွား လုပ်ငန်း လုံခြုံရေး ရဲတပ်ဖွဲ့၊ ရေနံမြေ လုံခြုံရေး ရဲတပ်ဖွဲ့၊ သစ်တော လုံခြုံရေး ရဲတပ်ဖွဲ့နှင့် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ အစရှိသည်တို့ ကို ဖျက်သိမ်းရန် စီစဉ်နေသည်ဟု ရေကြောင်း ရဲတပ်ဖွဲ့ (CDM) ဒုရဲမှူး တဦးက ဧရာဝတီအား ပြောဆိုသည်။

အဆိုပါ ရဲတပ်ဖွဲ့ ၆ ခု ဖျက်သိမ်းနိုင်ရေးအတွက် ပြီးခဲ့သည့် ရက်ပိုင်းက နေပြည်တော်တွင် ပြုလုပ်ခဲ့သော ရဲတပ်ဖွဲ့အကြီး အကဲများ အစည်းအဝေး၌ သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်ပြီး ပြည်ထဲရေးဝန်ကြီး လက်မှတ်ထိုးပြီးလျှင် ဖျက်သိမ်းမှုအား စတင် အကောင်အထည် ဖော်သွားမည်ဟု သိရသည်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အရပ်သား အစိုးရ လက်ထက်က အစိုးရအဖွဲ့တွင် စစ်တပ်က ဝန်ကြီးဌာန ၃ ခုကိုသာ တိုက်ရိုက် ကိုင်တွယ်ခဲ့ရသဖြင့် အခြားဝန်ကြီးဌာနများတွင် ဝင်ရောက် စွက်ဖက်ခွင့် မရခဲ့ကြောင်း၊ ထို့အတွက် စစ်တပ်က လူအချို့ အရပ်ဘက် အုပ်ချုပ်ရေးတွင် ပြောင်းရွှေ့ နေရာပေးရန် ယခုဖျက်သိမ်းမည်ဆိုသော ရဲတပ်ဖွဲ့ ၆ ခုကို အမှန် တကယ်မလိုအပ်ဘဲ ဖွဲ့စည်းပုံ တိုးချဲ့ခဲ့ခြင်းဟု အာဏာဖီဆန်ရေး လှုပ်ရှားမှု (CDM) ပြုလုပ်ထားသည့် ရန်ကုန်တိုင်း သတင်း ရဲတပ်ဖွဲ့မှ ရဲမှူးတဦးက ဧရာဝတီကို ပြောဆို သည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် ရဲဦးစီးဌာန၊ ရဲရေးဌာန၊ ရဲထောက်ဌာန၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီး၊ ရဲလေ့ကျင့်ရေး ဌာနကြီး၊ ဓာတုဗေဒ စစ်ဆေးရေးဌာန၊ လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့၊ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်း ရေး ရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့၊ စည်ပင်သာယာ ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့၊ ရေနံမြေ လုံခြုံရေးရဲတပ်ဖွဲ့၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့၊ ရဲအရာရှိ လေ့ကျင့်ရေးကျောင်း၊ ရဲလေ့ကျင့်ရေး ကျောင်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ရဲတပ်ဖွဲ့ ဟူ၍ ဖွဲ့စည်း ထားသည်။

ထိုသို့ ဖွဲ့စည်းထားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တပ်ဖွဲ့ဝင် အင်အား ၁ သိန်းခန့်ထိ ရှိခဲ့ပြီး အာဏာသိမ်းပြီးနောက် CDM ပြုလုပ်လာကြခြင်း၊ သက်ပြည့်ပင်စင် ရယူခြင်း၊ သေဆုံးခြင်းများကြောင့် အင်အားလျော့နည်းလာကြောင်း၊ ယခုဖျက်သိမ်း မည့် တပ်ဖွဲ့ များရှိ တပ်ဖွဲ့ဝင်များအနေဖြင့် ဖျက်သိမ်းမည့် အစီအစဉ်ကို အတိအကျ မသိရသေးသော်လည်း စိတ်ဓာတ်ကျ ဆင်းနေရကာ ပြစ်တင်ဝေဖန် နေကြကြောင်း သိရသည်။

စစ်ကိုင်းတိုင်း အတွင်းရှိ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်း လုံခြုံရေး ရဲတပ်ဖွဲ့ခွဲ တခုမှ ရဲမှူးတဦးက "လက်ရှိအချိန် ထိတော့ ကျနော်တို့လည်း လိုင်းပေါ်တက်လာတဲ့ သတင်းလောက်ပဲ သိရသေးတယ်။ ဖျက်သိမ်းမယ်ဆိုရင် ကျနော်တို့ ခရီးသွား အဖွဲ့ က တပ်ဖွဲ့ဝင်တွေကို ဘယ်ကို ပို့မှာလဲဆိုတာလဲ ရှိသေးတယ်။ ခရီးသွား တပ်ဖွဲ့ဝင် အများစုက အခြားတပ်ဖွဲ့ဝင်တွေလို မဟုတ်ဘဲ အနည်းဆုံး ၁၀ တန်း အောင်ပြီး ကမာ္ဘသုံးစကားကိုလည်း ကျွမ်းကျင်အောင် သင်တန်း ပေးထားတဲ့သူတွေ။ ဘယ်လိုပဲ ဖြစ်ဖြစ်ပါ အခုထိတော့ တရားဝင် စာထွက်လာတာမျိုးတော့ မရှိသေးဘူးဗျ" ဟု ပြောသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် မူလကတည်းက တပ်ဖွဲ့ဝင် အင်အားနည်းနေပြီး စစ်အာဏာသိမ်းပြီးနောက် CDM ပြုလုပ်သည့် ရဲတပ်ဖွဲ့ဝင် ၇၀၀၀ နီးပါး ရှိလာခြင်းများအပြင် စစ်ကောင်စီ တပ်သားများကို ရဲတပ်ဖွဲ့ ယူနီဖောင်း ဝတ်ဆင်စေပြီး လမ်းမ ပေါ်က ဆန္ဒပြလူထုကို အကြမ်းဖက် ဖြိုခွင်းစေခြင်းများကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့

ပုံရိပ် ကျဆင်းခဲ့သဖြင့် ယခုအခါ လူ သစ် စုဆောင်းရာတွင် အခက်အခဲများ ရှိလာကာ အသုံးမဝင်ဘဲ ဖွဲ့စည်းထားခဲ့သော ရဲတပ်ဖွဲ့ ၆ ခုကို ပယ်ဖျက်ပြီး အခြား နေရာများ၌ အစားထိုး တာဝန်ပေးအပ်နိုင်ရန် စစ်ကောင်စီက ပြင်ဆင်လာခြင်းဟု CDM ရဲအရာရှိများက ပြောသည်။

လက်ရှိ တာဝန်ထမ်းဆောင်ဆဲ မြို့နယ် ရဲတပ်ဖွဲ့မှူး တဦးက "အမြန်လမ်းမှာ လုံခြုံရေးပိုင်းအရ တပ်ဖွဲ့ဝင်တွေကတော့ အား နည်းတယ်။ အားနည်းတယ် ဆိုပေမယ့်လည်း ရှိတဲ့အင်အားနဲ့ အရေးပေါ် အခြေအနေတွေကို သက်ဆိုင်ရာ အဖွဲ့အစည်း တွေနဲ့ ချိတ်ဆက်ပြီး ကူညီပေးနေတယ်။ အဲဒီတော့ အမြန်လမ်း ရဲတပ်ဖွဲ့ကတော့ ဖျက်ဖို့ အဆင်မပြေနိုင်ဘူးဗျ။ အမြန်လမ်း ပေါ်က ရဲတပ်ဖွဲ့ မရှိရင် လုံခြုံရေးပိုင်းအရ လုံးဝကို အဆင်မပြေသေးတာ အမှန်ပဲ. အကယ်၍ ဖျက်ခဲ့ရင်လည်း ခရီးသွား ပြည်သူတွေပဲ ဒုက္ခရောက်ကြမှာ။ လမ်းမှာ ကားပျက်တာတို့ မတော်တဆမှု ဖြစ်တာ၊ အခြားသော အခက်အခဲတွေ ဖြစ်လာ ရင် အမြန်လမ်း ရဲတပ်ဖွဲ့က အများကြီး အကူအညီ ပေးနေရတာလေ" ဟု ပြောသည်။

စစ်ကောင်စီသည် အာဏာသိမ်းယူပြီးနောက် ရဲတပ်ဖွဲ့၏ ပုံရိပ်ကို ဖျက်ဆီးခဲ့သလို လက်ရှိအချိန်တွင်လည်း ရဲလုပ်သက် (နှစ် ၃၀) ပြည့်ပြီးသူများကို လုပ်သက်ပြည့် ပင်စင်ယူလိုက ပေးရမည်ဖြစ်သော်လည်း ကျန်းမာရေး ချို့ယွင်းနေသူများကိုပါ ပင်စင် ခွင့်ပြုမှု ရပ်ဆိုင်းထားကြောင်း ရဲတပ်ဖွဲ့ မိသားစုဝင်များက ပြောပြသည်။

ယခင် စစ်အာဏာရှင်ဟောင်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လက်ထက်ကတည်းက စစ်တပ်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အပေါ် ခွဲခြား ဆက်ဆံခြင်းများရှိခဲ့ရာ မူလကတည်းက ရဲတပ်ဖွဲ့မှာ စတင် တာဝန်ထမ်းဆောင်ခဲ့သည့် အရပ်သား ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်မှ အသွင် ပြောင်းလာသည့် (မိုးကျရွှေကိုယ်) ရဲများအကြား အဆင်မပြေမှုများ ရှိခဲ့ကြောင်း၊ စစ်တပ်မှ အသွင် ပြောင်းလာ သည့် ရဲများသည် ရဲလုပ်ငန်း မကျွမ်းကျင်သော်လည်း အရပ်သား ရဲတပ်ဖွဲ့ဝင်များထက် ရာထူးတိုးမြန်ခြင်း၊ နေရာကောင်းများ လည်း ရရှိခဲ့ကြသည်ဟု ဆိုသည်။

ယခုအခါ စစ်ကောင်စီက သူတို့အား မထောက်ခံသည့် ရဲတပ်ဖွဲ့ဝင်များကို ဖမ်းဆီး ထောင်ချခြင်းများလည်း ပြုလုပ်နေရာ မှုခင်း ရဲတပ်ဖွဲ့မှ ဒုရဲမှူးကြီး ဇော်ဝင်း၊ ယင်းမာပင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး အောင်နွယ်ဦး အပါအဝင် ရဲအရာရှိများကို ဖမ်း ဆီးထားသည်။

ထိုသို့ ပြုလုပ်နေခြင်းမှာ Non CDM ရဲများအပေါ် စစ်ကောင်စီက ယုံကြည်မှု နည်းပါးလာခြင်းကြောင့် စစ်တပ် လက်အောက် ခံ စရဖများ အနေဖြင့် နယ်မြေသတင်းများနှင့် ဖမ်းဆီးရေး ဆောင်ရွက်ရာတွင်လည်း သတင်းချပြ ပေါင်းစပ်မှု နည်းပါးလာ ကာ အရပ်သား သတင်းပေးများ မွေးမြူကာ ရဲများအား ပြန်လည် စောင့်ကြည့်ခြင်းများ ပြုလုပ်နေသည်ဟု CDM ရဲတပ်ဖွဲ့ ဝင်များ ဖွဲ့စည်းထားသည့် Myanmar Police CDM Channel (MPCC) က သတိပေး ထုတ်ပြန်ထားသည်။

https://burma.irrawaddy.com/news/2022/03/03/250264.html

-----------------------------------------------------------------------------------------------

## စစ်ကောင်စီ ထောက်လှမ်းရေးကြောင့် ထောက်ပို့အဖွဲ့ ၁၀ ဖွဲ့ကျော် ရပ်နား

By မဇ္ဈိမ | 03 March 2022



စစ်ကောင်စီ ထောက်လှမ်းရေးကြောင့် ထောက်ပို့အဖွဲ့ ၁၀ ဖွဲ့ကျော်သည် ယမန်နေ့ မတ်လ ၂ ရက်နေ့မှ စတင်၍ ထောက်ပို့ လုပ်ငန်းများကို ယာယီ ရပ်နားကြောင်း ၎င်းတို့၏ လူမှုကွန်ရက် စာမျက်နှာ အသီးသီးမှ ထုတ်ပြန်သည်။

To Comrades - ရဲဘော်များသို့အဖွဲ့၊ ANTS- ပုရွက်ဆိတ်များ၊ Yell Baw- ရဲဘော်၊ Wings of Urban Revolution ၊ Dogs Fighte ၊ လူကြမယ်+ဒီကကြည့် ၊ မြတ်နိုးရင်းလူ ၊ မူမနေနဲ့ လာလူ၊

နိုင်ချင်ရင်လှူ ၊ဝယ်ရင်းလှူနိုင် စာအုပ်ဆိုင်၊ Bees Fundraising Team၊ Book Raffle Fundraising Program စသည့်အဖွဲ့များအပါအဝင် ၁၀ ဖွဲ့ကျော် ရပ်နားထားကြခြင်း ဖြစ်သည်။

"အနုပညာရှင်တွေ ပြန်လွှတ်တယ် ဆိုတဲ့သတင်းကို အကာအကွယ် ယူပြီး ရန်သူစစ်တပ်ဟာ ကျွန်တော်တို့ ညီနောင်တွေကို အင်အားသုံး ရှာဖွေမှုတွေ ပြုလုပ်နေပါတယ်။ ကျွန်တော် တို့ ညီနောင်တွေဟာ ပြည်တွင်းမှာ ကုတ်ကတ်နေပြီး တော်လှန်ရေးအပေါ် သစ္စာ ရှိနေကြတဲ့ လူငယ်တွေပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ လုပ်နိုင်စွမ်းဟာ သာမန်လူငယ် တစ်ယောက် လုပ်နိုင်စွမ်းထက် ပိုပြီး များနေပါတယ်။ ဒီလိုလူငယ်တွေ ကျွန်တော်တို့ အဆုံးရှုံး မခံချင်ပါဘူး။ ဒီအတွက် ကျွန်တော်တို့ ညီနောင်မဟာမိတ် အဖွဲ့အစည်း တချို့ဟာ လုပ်ငန်းစဉ်တွေ ရပ်နားပြီး လုပ်နိုင်စွမ်း ရှိတဲ့ လူငယ်တွေရဲ့ ဘေးကင်း လုံခြုံရေးကို အစွမ်းကုန် ကြိုးပမ်း နေကြပါတယ်" ဟု United Alliances - UAs ညီညွတ်သော ညီနောင်မဟာမိတ်များ ပြောရေးဆိုခွင့် ရှိသူက ဆိုသည်။

United Alliances - UAs ညီညွတ်သော ညီနောင်မဟာမိတ်များ အဖွဲ့အစည်းမှာ လက်ရှိ တော်လှန်ရေး ထောက်ပို့အဖွဲ့ ၁၀ ဖွဲ့ ပူးပေါင်းထားသော မဟာမိတ် အဖွဲ့ ဖြစ်ပြီး ခြောက်ဖွဲ့မှာ ရပ်နားထားပြီ ဖြစ်သည်။

အဆိုပါ အဖွဲ့အစည်းမှာ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG ) အောက်တွင် မရှိဘဲ လူငယ်များဖြင့် ဖွဲ့စည်းထားကာ လွတ်လပ်သော အဖွဲ့အစည်းအဖြစ် ရပ်တည်နေသည်။

စစ်ကောင်စီက ဘဏ်အကောင့်များမှ တဆင့် ကိုယ်ရေးအချက်အလက်များ စုံစမ်း ထောက်လှမ်းကာ ယခုကဲ့သို့ ထောက်ပို့ အဖွဲ့များအား ခြေရာခံ ဖမ်းဆီးမှုကို ယခု ရက်ပိုင်းအတွင်း အပြင်းအထန် ပြုလုပ်လာခြင်း ဖြစ်သည်။

"တကယ်ပဲ ဖမ်းခံနေရပါတယ်။ အများစုက ဘဏ်အကောင့်တွေ ပိတ်ခံရတာကြောင့်ပါ။ ကိုယ်ရေး အချက်အလက်တွေ စီစစ်ပြီး သံသယ ရှိတာတွေကို စစ်ကောင်စီက လိုက်ဖမ်းနေတာ။ ခုလို တစ်ပြိုင်တည်း နီးပါး ဖြစ်တာကတော့ အခုမှ အမိန့်ကျလာလို့ အကုန် စာရင်းလုပ်ပြီး လိုက်ဖမ်းနေတဲ့ သဘောပေါ့။ အစောပိုင်းမှာ ကြိုကြား ကြိုကြား ဖမ်းတာမျိုးတွေတော့ ရှိတာပေါ့" ဟု ရပ်နားလိုက်သည့် ထောက်ပို့အဖွဲ့များတွင် အပါအဝင်ဖြစ်သည့် To Comrades - ရဲဘော်များသို့ အဖွဲ့ ပြန်ကြားရေးတာဝန်ခံက မဇ္ဈိမကို ပြောသည်။

ပြည်တွင်း ထောက်ပို့ အဖွဲ့သားများအပြင် မြို့ပြပြောက်ကျား အဖွဲ့ဝင် UG များလည်း စစ်ကောင်စီ၏ ဖမ်းဆီးခြင်း ခံနေရကြောင်း ခိုင်လုံသည့် သတင်းရင်းမြစ်များမှ တဆင့် သိရသော်လည်း ဖမ်းဆီးခံရသည့် အရေအတွက် အတိအကျကိုမူ အတည် မပြုနိုင်သေးပေ။

"အသိ ထောက်ပို့ သုံးယောက်လောက်လည်း ပါသွားတယ်။ UG (မြို့ပြပြောက်ကျားအဖွဲ့ဝင်) တွေကတော့ လွန်ခဲ့တဲ့ သုံး လေးရက်လောက်ထဲက စပြီး ပါနေတာ။ အဖွဲ့လိုက် ပါကြတာပါ" ဟု To Comrades - ရဲဘော်များသို့ အဖွဲ့ ပြန်ကြားရေးတာဝန်ခံက ဆက်ပြောပြသည်။

အဆိုပါ ရပ်နားကြောင်း ကြေညာထားသော ထောက်ပို့အဖွဲ့များမှာ မြို့ပေါ်ရှိ အဖွဲ့ဝင်များ၏ လုံခြုံရေးအတွက် ခေတ္တရပ်နားခြင်းသာ ဖြစ်ပြီး ဘဏ်အကောင့်များနှင့် ပတ်သက်၍ အချက်အလက် စီစစ်ကာ လိုအပ်သည်များ ဆောင်ရွက်ပြီးလျှင် ပုံမှန်အတိုင်း ပြန်လည်ပတ်မည် ဟု အဆိုပါ ပြန်ကြားရေးတာဝန်ခံက ဆိုသည်။

" စစ်ကောင်စီက ဖြတ်လေးဖြတ် ဗျူဟာ ကျင့်သုံးနေတဲ့ အတွက် ထောက်ပို့တွေလည်း စပြီး ထိလာပါပြီ။ ရပ်နားတာက ခဏတာပဲ ဖြစ်ပြီး ပိုမို ကောင်းမွန်တဲ့ ပုံစံတွေနဲ့ ရဲဘော်တွေကို ထောက်ပံ့ ပေးနိုင်အောင် ကြိုးစားပါ့မယ်" ဟုလည်း ၎င်းက ပြောထားပါသည်။

https://www.mizzimaburmese.com/article/100903

------------------------------------------------------------------------------------------

## အမေရိကန်- အာဆီယံ ထိပ်သီးဆွေးနွေးပွဲ နိုင်ငံရေးနှင့် မဆိုင်သည့် မြန်မာကိုယ်စားလှယ်ကိုသာ ဖိတ်မည်

By ဧရာဝတီ | 3 March 2022

အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) ၏ ဦးဆောင်မှုအတိုင်း ယခုလအတွင်း အမေရိကန် ပြည်ထောင်စု၊ ဝါရှင်တန်မြို့တွင် ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲသို့ စစ်အာဏာသိမ်း မြန်မာမှ နိုင်ငံရေးနှင့် မသက်ဆိုင်သူကိုသာ ဖိတ်ကြားမည်ဖြစ်ကြောင်း အမေရိကန်က ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်သည် အမေရိကန်ပြည်ထောင်စုနှင့် အာဆီယံ ခေါင်းဆောင်များ အထူးထိပ်သီးဆွေးနွေးပွဲကို မတ်လ ၂၈ ရက်နေ့နှင့် ၂၉ ရက်နေ့များတွင် လက်ခံကျင်းပရန် စီစဉ်ထားသည်။

"အဆင့်မြင့် အစည်းအဝေးတွေကို မြန်မာနိုင်ငံက နိုင်ငံရေးနဲ့ မသက်ဆိုင်သူကိုသာ ဖိတ်ကြားဖို့ အာဆီယံရဲ့ ဆုံးဖြတ်ချက်ကို အမေရိကန် ပြည်ထောင်စုက ထောက်ခံတယ်" ဟု အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောခွင့်ရသူတဦးက ပြောသည်။

"ကျနော်တို့ကလည်း အလားတူစွာပဲ မြန်မာနိုင်ငံက နိုင်ငံရေးကိုယ်စားပြုမှု မရှိသူတဦးကို ထိပ်သီးဆွေးနွေးပွဲကို ဖိတ်ဖို့ ဆုံးဖြတ်ထားပါတယ်။ အာဆီယံရဲ့ ဘုံသဘောတူညီချက် ၅ ချက်နဲ့ ပတ်သက်ပြီး စစ်ကောင်စီက အဓိပ္ပာယ် ပြည့်ဝတဲ့ တိုးတက်မှုရှိအောင် မလုပ်ခဲ့တဲ့အပြင် သူတို့ကို တာဝန်ခံခိုင်းသင့်တယ်" ဟုလည်း ထိုအရာရှိက ပြောသည်။

မြန်မာ ကိုယ်စားလှယ်သည် မည်သူဖြစ်နိုင်သည်ကို မေးသောအခါ ထိုအရာရှိက ပြန်လည်ဖြေကြားခြင်း မရှိပေ။

လူရာပေါင်းများစွာ သေဆုံးပြီး လူပေါင်း ၃ သိန်းကျော် နေရပ်စွန့်ခွာ ထွက်ပြေးရာ နိုင်ငံခြားလုပ်ငန်းများ အလုံးအရင်းနှင့် ထွက်ခွာသွားစေသည့် ဗိုလ်ချုပ်များက စစ်အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံတွင် ပဋိပက္ခ အဆုံးသတ်ရေးအတွက် အာဆီယံနှင့် သဘောတူထားသည့် ဘုံသဘောတူညီချက် ၅ ချက်ကို လေးစား လိုက်နာရန် ပျက်ကွက်သောကြောင့် အာဆီယံက လွန်ခဲ့သောနှစ်မှ စတင်ပြီး မြန်မာစစ်ကောင်စီကို အဓိကကျသည့် အစည်းအဝေးများတွင် ပိတ်ပင်ထားခဲ့သည်။

ထိုအချိန်မှစတင်ပြီး အာဆီယံသည် အစည်းအဝေးများသို့ မြန်မာမှ နိုင်ငံရေး ကိုယ်စားပြုမှု မရှိသူများကိုသာ ဖိတ်ကြားခဲ့သော်လည်း စစ်ကောင်စီက ပယ်ချပြီး ၎င်းတို့သည် တရားဝင် အာဏာပိုင်များဖြစ်ကြောင်း ပြောသည်။

အာဆီယံသည် မြန်မာစစ်ကောင်စီကို အစိုးရအဖြစ် တရားဝင် အသိအမှတ်မပြုသေးသလို စစ်ကောင်စီသည် အမေရိကန် ပြည်ထောင်စု၊ ဗြိတိန်နှင့် ဥရောပသမဂ္ဂ အပါအဝင် အခြားနိုင်ငံများ၏ ပစ်မှတ်ထား အရေးယူမှု ခံနေရသည်။

အိမ်ဖြူတော် ထိပ်သီးဆွေးနွေးပွဲသည် ကြီးထွားလာနေသော တရုတ် ဩဇာအာဏာကို တွန်းလှန်ရန် အားထုတ်မှုအတွက် အရေးပါသည်ဟု အမေရိကန်ပြည်ထောင်စုက မြင်သည့် ဒေသတခုနှင့် ထိတွေ့ဆက်ဆံမှု အရှိန်အဟုန် မြှင့်တင်ခြင်းဖြစ်သည်။

အင်ဒိုပစိဖိတ်ဒေသနှင့် တရုတ်နိုင်ငံတို့ ယှဉ်ပြိုင်ခြင်းသည် အရေးပါသည့် နိုင်ငံခြားရေးမူဝါဒဖြစ်သည်ဟု သမ္မတ ဘိုင်ဒင်အစိုးရက ကြေညာထားသည်။ ယူကရိန်းတွင် ရုရှားကျူးကျော်မှု ဖြစ်ပွားနေသော်လည်း ထိုနိုင်ငံခြားရေး မူဝါဒကို အမေရိကန်အစိုးရက ဆက်လက် ထိန်းသိမ်းထားလိုသည်။

*ကိုးကား။ ။ Reuters ၏ U.S. to invite 'non-political' Myanmar representative to summit with ASEAN*

https://burma.irrawaddy.com/news/2022/03/03/250278.html

----------------------------------------------------------------------------------------------------

## ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုညွှန်းကိန်းမှာ မြန်မာ နံပါတ် ၉ အဆိုးဆုံးနေရာမှာရှိ

2022.03.03



Photo: Global terrorism Index

ကမ္ဘာတစ်ဝန်းမှာ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် ထိခိုက်သေဆုံးမှုအခြေအနေကို လေ့လာပြီး နိုင်ငံအလိုက် အဆင့်သတ်မှတ်ထုတ်ပြန်တဲ့ ကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်မှုညွှန်းကိန်း (Global terrorism Index) ရဲ့ ၂၀၂၂ ခုနှစ်အတွက် အစီရင်ခံစာကို မတ်လ ၂ ရက်နေ့က ထုတ်ပြန်လိုက်ရာမှာ မြန်မာနိုင်ငံဟာ ထိခိုက်သေဆုံးမှု အများဆုံး ၁၀ နိုင်ငံစာရင်းထဲမှာ ပထမဆုံးအကြိမ် ပါဝင်လာပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၂၀ ပြည့်နှစ်က အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် သေဆုံးသူ ၂၄ ဦးသာ ရှိခဲ့ရာက၊ စစ်တပ်က အာဏာသိမ်းလိုက်တဲ့ ၂၀၂၁ ခုနှစ်မှာတော့ သေဆုံးမှု အဆ ၂၀ တိုး လာခဲ့ပါတယ်။ ဒါဟာ ကမ္ဘာ့နိုင်ငံ အားလုံးထဲမှာ အရေအတွက်အများဆုံး တိုးလာတာ ဖြစ်တယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

၂၀၂၁ ခုနှစ်က မြန်မာနိုင်ငံမှာ အကြမ်းဖက်တိုက်ခိုက်မှု အနည်းဆုံး ၇၅၀ ဖြစ်ပွားခဲ့ရာမှာ အသက်သေဆုံးသူ ၅၂၁ ဦးနဲ့ ဒဏ်ရာရှိသူ ၃၅၁ ဦး အထိ ရှိခဲ့တဲ့အတွက် ကမ္ဘာပေါ်မှာ အကြမ်းဖက်မှုကြောင့်ထိခိုက်မှု ၉ နိုင်ငံမြောက် အများဆုံးဖြစ်ခဲ့ကြောင်းနဲ့ အခုနှစ်မှာလည်း နိုင်ငံရေးအခြေအနေ မသေချာမှုတွေကြောင့် ထိခိုက်သေဆုံးမှု အရေအတွက် တိုးလာမယ်လို့ ယူဆရတယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်က ကမ္ဘာတစ်ဝှမ်းမှာ အကြမ်းဖက်တိုက်ခိုက်မှု ၅၂၂၆ ခု ဖြစ်ပွားခဲ့ပြီး ဒီအထဲမှာ ထိခိုက်သေဆုံးမှု အများဆုံးက အာဖဂန်နစ္စတန်၊ ဒုတိယအများဆုံးက အီရန်နဲ့ တတိယအများဆုံးကတော့ ဆိုမားလီးယား ဖြစ်ပါတယ်။ မြန်မာနိုင်ငံက နံပါတ် ၉ နေရာမှာရှိပြီး နံပတ် ၁၀ ကတော့ ပါကစ္စတန်ဖြစ်ပါတယ်။

https://www.rfa.org/burmese/news/global-terrorism-myanmar-03032022130950.html

-------------------------------------------------------------------------------------------------

## မြန်မာစစ်တပ်ကို လက်နက်မရောင်းရေး ပိတ်ဆို့မှု လက်တွေ့အလုပ်မဖြစ်

2022.03.03



၂၀၁၆ ခုနှစ်က နေပြည်တော်တွင် ကျင်းပသော တပ်မတော်နေ့အခမ်းအနား စစ်ရေးပြ မြင်ကွင်းတစ်ခုကို တွေ့ရစဉ်။ Photo: Reuters

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက မြန်မာစစ်တပ်ကို လက်နက်တွေ လွှဲပြောင်း ပေးနေတယ် လို့ အမည်ပေးထားတဲ့ စာမျက်နှာ ၄၀ ပါ အစီရင်ခံစာတစ်စောင်ကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် တွမ်အင်ဒရူးက ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီကို တင်သွင်းခဲ့ပါတယ်။

အဲဒီအစီရင်ခံစာမှာ လုံခြုံရေးကောင်စီ အမြဲတမ်း အဖွဲ့ဝင်တွေဖြစ်တဲ့ တရုတ်နဲ့ ရုရှား၊ အခြားကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ ဘယ်လာရုစ်၊ ယူကရိန်း၊ အစ္စရေး၊ ဆားဘီးယား၊

ပါကစ္စတန်နဲ့ တောင်ကိုရီးယားနိုင်ငံတို့ဟာ အာဏာသိမ်းပြီးတဲ့ နောက် ပြည်သူတွေကို ဖိနှိပ်သတ်ဖြတ်နေတဲ့ မြန်မာစစ်တပ်ကို လက်နက်တွေ ရောင်းချနေကြောင်း ဖော်ပြထားပါတယ်။

မြန်မာစစ်တပ်ကို လက်နက်ရောင်းတဲ့ နိုင်ငံတွေအနေနဲ့ ကိုယ့်လုပ်ရပ်ကို ကိုယ်တိုင် ပြန်စဉ်းစား သုံးသပ်သင့်တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) ရဲ့ လူ့အခွင့်အရေး ဝန်ကြီး ဦးအောင်မျိုးမင်းက ပြောပါတယ်။

**"ကိုယ့်ရဲ့ စီးပွားရေးအရ ရောင်းချလိုက်တဲ့ လက်နက်က အများပြည်သူကို ကာကွယ်ဖို့လား၊ ပြည်သူကို သတ်ဖြတ်ပြီး ရာဇဝတ်မှုတွေ ကျူးလွန်ဖို့လား ဆိုတာကို သဘောပေါက်ဖို့ အရမ်းအရေးကြီးပါတယ်။ ကိုယ့်လက်နက် ရောင်းရရင် ပြီးရောဆိုပြီး လုပ်ဆောင်နေတဲ့ နိုင်ငံတွေရယ်၊ လက်နက် ကုမ္ပဏီပိုင်ရှင်တွေရယ် ငွေကြေးအမြတ်အစွန်းကိုပဲ အဓိကထားတဲ့ လူတွေကြောင့်မိုလို့ မြန်မာနိုင်ငံမှာ စစ်အာဏာရှင်က လက်နက်တွေ ရရှိနေတယ်။ တစ်ချိန်တည်းမှာပဲ ပြည်သူလူထုကို တစ်နေ့တစ်မျိုး မရိုးရအောင် သတ်ဖြတ်နှိပ်စက်မှုမျိုးတွေ ဖြစ်နေတာ။ ဒီလို ကိစ္စမျိုးကို ပြန်လည်ပြီးတော့ စဉ်းစားဖို့ လိုအပ်ပါပြီ"**

စစ်ကောင်စီကို လက်နက်ရောင်းနေတဲ့ ကိစ္စ ရပ်တန့်သွားအောင် လုပ်ဆောင်ရာမှာ နိုင်ငံတကာ အသိုက်အဝန်း တစ်ခုလုံးက ဝိုင်းဝန်းကူညီကြဖို့လည်း ဦးအောင်မျိုးမင်းက တိုက်တွန်းသွားပါတယ်။ တရုတ်၊ ရုရှားနဲ့ ဆားဘီးယား နိုင်ငံတို့ဟာ အာဏာမသိမ်းခင် ကရော၊ အာဏာသိမ်းပြီးတဲ့ နောက်ပိုင်းမှာရော စစ်ကောင်စီကို စစ်လက်နက်ပစ္စည်းတွေ ရောင်းချခဲ့ပြီး ကျန်နိုင်ငံတွေကတော့ ၂၀၁၈ ခုနှစ်ကနေ စစ်တပ် အာဏာမသိမ်းခင် ၂၀၂၁ ခုနှစ်အထိ လက်နက်တွေ ရောင်းခဲ့တာလို့ တွမ်အင်ဒရူးရဲ့ အစီရင်ခံစာမှာ ဖော်ပြ ထားပါတယ်။

ဒီလက်နက်တွေဟာ အရပ်သားတွေကို သတ်ဖြတ်ဖို့ဆိုတာ ယုံမှားသံသယဖြစ်စရာ မလိုတဲ့အတွက် မြန်မာစစ်တပ်ကို လက်နက် မရောင်းသင့်တဲ့အကြောင်းနဲ့ ဒီလို ရောင်းနေတာကို လက်တွေ့ပိတ်ပင်ဖို့ ကမ္ဘာကြီးက နောက်ကျရင် မြန်မာနိုင်ငံမှာ ကလေးတွေ အပါအဝင် အပြစ်မဲ့ အရပ်သားတွေ သေဆုံးမှု ပိုများလာလိမ့်မယ် လို့လည်း တွမ်အင်ဒရူးက ပြောထားပါတယ်။

နိုင်ငံကြီးတချို့ကနေ စစ်ကောင်စီကို လက်နက် မရောင်းတော့ဘူးဆိုရင် မြန်မာနိုင်ငံက အပြစ်မဲ့အရပ်သားတွေကို သတ်ဖြတ်နေတာတွေလည်း ကျဆင်း သွားလိမ့်မယ်လို့ စစ်ကောင်စီကို လက်နက်ကိုင် ခုခံနေတဲ့ မကွေးတိုင်း၊ ရေစကြိုမြို့နယ် ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ဝင် တစ်ဦးက RFA ကို ပြောပါတယ်။

**"ဘာလို့လဲဆိုတော့ လေယာဉ်တွေနဲ့ ရွာတွေကို ပစ်တယ်ပေါ့နော်။ အိမ်တွေကို လက်နက်ကြီးတွေနဲ့ ပစ်တယ်။ အရပ်သား နေအိမ်တွေကို ပစ်တယ်။ စစ်ဘေးရှောင် စခန်းတွေကို ပစ်တယ်။ ဒီ လက်နက်တွေသုံးပြီး စစ်ကြောင်းတွေ ထိုးတယ်။ ဒီလက်နက်တွေ သုံးပြီးတော့ပဲ ရွာတွေကို မီးရှို့တယ်။ ဒါမျိုး လုပ်နေတာဆိုတော့ ဒါတွေသာ မရှိဘူးဆိုရင် ဒီထက်ပိုပြီး သူတို့ လုပ်နိုင်စွမ်း ကျဆင်းသွားမှာပဲ။ ပြည်သူလူထုကို ဒုက္ခပေးနိုင်စွမ်းကတော့ ကျသွားမှာပဲ"**

အာဏာသိမ်းပြီးကတည်းက မြန်မာစစ်တပ်ရဲ့ အကြမ်းဖက်လုပ်ရပ်တွေ ထင်ထင် ရှားရှား ပေါ်ပေါက်နေပေမယ့် တရုတ်နဲ့ ရုရှားဟာ မြန်မာစစ်တပ်ကို ဂျက်တိုက်လေယာဉ်တွေ၊ သံချပ်ကာကားတွေ ရောင်းချခဲ့သလို ထပ်ရောင်းဖို့လည်း ကတိပေးထားကြတယ်လို့ ကုလလူ့အခွင့်အရေး ကိုယ်စားလှယ်ရဲ့ အစီရင်ခံစာမှာ ပြောထားပါတယ်။ တရုတ်နဲ့ ရုရှားအပြင် ဆားဘီးယား အစိုးရကလည်း မြန်မာစစ်တပ်ကို လောင်ချာတွေ၊ လက်နက်ကြီးကျည်တွေ ရောင်းဖို့ ဆုံးဖြတ်ခဲ့တယ်လို့ ထောက်ပြထားပါတယ်။

ဒါ့အပြင် ပါကစ္စတန် နိုင်ငံကလည်း မြန်မာစစ်တပ်က ၆၀ မမနဲ့ ၈၁ မမ မော်တာ စိန်ပြောင်းတွေ၊ M – 79 ဗုံးသီးပစ် လောင်ချာသေနတ်တွေ အပါအဝင် စက်သေနတ် အကြီးစားတွေကို ဒီရက်ပိုင်းမှာပဲ ဝယ်ယူဖို့ရှိနေကြောင်း အိန္ဒိယအခြေစိုက် နိုင်ငံတကာ သတင်းမီဒီယာတွေက ထုတ်ဖော်

ရေးသားထားပေမယ့် စစ်ကောင်စီ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် ဇော်မင်းထွန်းကတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး တစ်စုံတစ်ရာ ပြောစရာမရှိဘူးလို့ ငြင်းဆိုထားပါတယ်။

ကမ္ဘာပေါ်မှာ နိုင်ငံတိုင်း စစ်လက်နက်ရောင်းနေပြီး အရောင်းဆုံးက အမေရိကန်ပဲလို့ စစ်ကောင်စီ ပြောခွင့်ရ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းက တုံ့ပြန်ပါတယ်။

**“စက်လက်နက်ပစ္စည်း ရောင်းဝယ်မှု ဆိုတာကတော့ နိုင်ငံတိုင်းက ရောင်းနေတာပဲ။ ကမ္ဘာပေါ်မှာ စက်လက်နက်ပစ္စည်း အရောင်းချဆုံးနိုင်ငံကလည်း အမေရိကန်ပဲလေ။ တရုတ်တို့၊ ရုရှားတို့ဆိုတာ နောက်မှ လိုက်လာတာပဲ ဖြစ်ပါတယ်။ စက်လက်နက် ပစ္စည်း ရောင်းချခြင်း၊ မရောင်းချခြင်းနဲ့ ပတ်သက်ပြီးတော့ ပြောမယ်ဆိုရင် မြန်မာနိုင်ငံ အတွင်းမှာ မိမိနိုင်ငံ ကာကွယ်ရေးအတွက် လုပ်ဆောင်နေတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ကိုင်ဆောင်နေတဲ့ လက်နက်တွေဟာ အများအားဖြင့်တော့ ကျွန်တော်တို့ နိုင်ငံကလုပ်တဲ့ လက်နက် ခဲယမ်းတွေပဲ ဖြစ်ပါတယ်”**

စက်လက်နက်ပစ္စည်းတွေ ထုတ်လုပ်ရေးမှာ ကိုယ့်အား ကိုယ်ကိုးနိုင်ရေး မူဝါဒနဲ့ လုပ်ဆောင်နေပြီး၊ အခြား နိုင်ငံတွေကို ဆက်ဆံရာမှာ စက်လက်နက်ပစ္စည်း တစ်ခုတည်း အတွက် အဓိကထားတာမျိုး မဟုတ်ဘဲ စီးပွားရေး၊ လူမှု ရေး၊ နိုင်ငံရေးနဲ့ နိုင်ငံတကာ ဆက်ဆံရေး တိုးမြှင့်နိုင်ဖို့အထိ ဆောင်ရွက်နေတာလို့ ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြောသွားပါတယ်။

ကုလသမဂ္ဂအဖွဲ့ကြီးက အဖွဲ့ဝင်နိုင်ငံတွေ အနေနဲ့ မြန်မာစစ်ကောင်စီကို စစ်လက်နက် ပစ္စည်းတွေ မရောင်းဖို့ ၂၀၂၁ ခုနှစ် ဇွန်လထဲမှာ ဆုံးဖြတ်ချက် ချထားပါတယ်။

**"အများဆုံး လက်နက်ပိတ်ဆို့မှုကို လုပ်နိုင်မယ်ဆိုရင် လေယာဉ်ပျံနဲ့ လေကြောင်းပစ်ကူတွေ ဒါတွေ လောက်မှာပဲ သွားပြီးတော့ ရိုက်ခတ်နိုင်ခြေ ရှိတယ်။ "**

ဒါပေမဲ့ အခုချိန်ထိ လက်တွေ့ ရောင်းနေဆဲနိုင်ငံတွေ ရှိနေတာကြောင့် ဒီကိစ္စကို လုံခြုံရေး ကောင်စီအနေနဲ့ စဉ်းစားဆုံးဖြတ်သင့်ပြီလို့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် တွမ်အင်ဒရူးက သူ့ရဲ့ ဖေဖော်ဝါရီ ၂၂ ရက် အစီရင်ခံစာမှာ တိုက်တွန်း ထားပါတယ်။

လက်နက်ရောင်းချမှု ပိတ်ပင်ရေးနဲ့ ဒီကိစ္စလက်တွေ့ ထိရောက်ရေးကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အလေးထား ဆုံးဖြတ်ရမှာဖြစ်ပေမယ့် တရုတ်နဲ့ ရုရှားက ဗီတို အာဏာသုံး ပယ်ချနိုင်တဲ့ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံတွေဖြစ်တာကြောင့် လက်ခံ ဆွေးနွေး မယ့် သဘောတောင် မရှိဘူးလို့ မြန်မာ့ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးဆိုင်ရာ အင်စတီကျူရဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦးက ပြောပါတယ်။

အရင်တုန်းကလည်း မြန်မာကို လက်နက်မရောင်းဖို့ လုံခြုံရေးကောင်စီမှာ ဆွေးနွေးဖို့ ကြိုးစားခဲ့ဖူးပေမယ့် ဆွေးနွေးမယ့် Agenda ထဲတောင် စာရင်းမပါခဲ့ဘူးလို့ သူက ဆိုပါတယ်။

လုံခြုံရေးကောင်စီက တားနိုင်ရင်တောင် မြန်မာစစ်တပ်က ပြည်တွင်းမှာ လက်နက်ကြီး တွေ ကိုယ်တိုင် ထုပ်လုပ်နိုင်သရွေ့ ပစ်ခတ်သတ်ဖြတ်မှုတွေ၊အသေအပျောက် များတာ တွေက ရှိနေဦးမှာပဲလို့ ဒေါက်တာ မင်းဇော်ဦးက မှတ်ချက်ပေး ပြောဆိုပါတယ်။

**“အများဆုံး လက်နက်ပိတ်ဆို့မှုကို လုပ်နိုင်မယ်ဆိုရင် လေယာဉ်ပျံနဲ့ ပတ်သက် တာတွေ၊ လေကြောင်းပစ်ကူတွေ ဒါတွေ လောက်မှာပဲ သွားပြီးတော့ ရိုက်ခတ်နိုင်ခြေ ရှိတယ်။ အခု အသေအပျောက် အများဆုံးက လက်နက်ကြီးက အသေအပျောက် အများဆုံးပဲ။ မော်တာတို့၊ ဟော့ဝစ်ဇာလို အမြောက်တွေကြောင့် အသေအပျောက် အများဆုံး ဖြစ်ခဲ့တာကိုး။ ဒါတွေက ပြည်တွင်းက ထုတ်လုပ်နိုင်တဲ့ Capacity မှာ ရှိနေတဲ့ အတွက်ကြောင့်မို့လို့ လက်နက်ပိတ်ဆို့ရေး တကယ်ဖြစ်လာမယ် ဆိုရင်တောင် ပြည်တွင်းထုတ်လုပ်နိုင်မှုကို မထိရောက်ဘူးဆိုရင် ဒီဟာတွေက သက်ရောက်မှု အတိုင်းအတာ နည်းလိမ့်မယ်လို့ ယေဘုယျတော့ သုံးသပ်လို့ ရပါတယ်”**

အခုချိန်မှာ မြန်မာစစ်တပ်က သုံးနေတဲ့ ကျည်ဆန်တွေ၊ အသေးဆုံးဖြစ်တဲ့ ၄၈ မမ လောင်ချာကနေ ၁၅၅ မီလီမီတာ ဟောဝစ်ဇာတွေနဲ့ ၁၂၈ မမ လက်နက်ကြီးတွေ အထိ ပြည်တွင်းကနေ ထုတ်လုပ်နေတာမို့ နိုင်ငံတကာကနေ ပိတ်ဆို့ခဲ့ရင်တောင် ထိရောက်မှု နည်းသွားပြီလို့ ဒေါက်တာ မင်းဇော်ဦးက သုံးသပ်ပါတယ်။

မြောက်ကိုရီးယားမှာဆိုရင် လက်နက်မရောင်းဖို့ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်နဲ့ ပိတ်ပင်ထားတာတောင် အခုချိန်ထိ မြောက်ကိုရီးယားက သူ့နည်းသူ့ဟန်နဲ့ လက်နက် ရောင်းဝယ်မှုတွေကို ဆက်လုပ်နိုင်ခဲ့တယ်လို့ လေ့လာသူတွေက ထောက်ပြ ကြပါတယ်။

အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပသမဂ္ဂတို့က မြန်မာကို လက်နက် တင်ပို့ ရောင်းချမှု ပိတ်ထားပေမယ့် လက်တွေ့မှာ မထိရောက်ဘဲ ပြင်သစ်နဲ့ အီတလီလို ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေဆီကနေ မြန်မာစစ်တပ်က လေယာဉ်နဲ့ ရဟတ်ယာဉ်တွေ ဝယ်ယူခွင့် ရရှိ နေကြောင်းလည်း နိုင်ငံရေး၊ စစ်ရေးလေ့လာ သူတွေက ထောက်ပြပြောဆိုထားပါတယ်။

https://www.rfa.org/burmese/news/selling-weapons-to-myanmar-military-03032022071252.html

-----------------------------------------------------------------------------------------------